# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ရက်၊ ၂၀၁၀ ခုနှစ်၊ ဇူလိုင် ၂၄ရက်၊ စနေနေ့၊ အတွဲ(၄၉)၊ အမှတ်(၂၉၂)


| နိုင်ငံရေး ဦးတည်ချက်(၄)ရပ် | စီးပွားရေး ဦးတည်ချက်(၄)ရပ် | လူမှုရေး ဦးတည်ချက်(၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး |
| * အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး | * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး | * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး |
| * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး | * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး |
| * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

## နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော်　ဇူလိုင်　၂၃**

နိုင်ငံရေးပါတီ တည်ထောင်ခွင့်ရရှိပြီးသော ပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်များ ဆက်လက်လျှောက်ထားလျက်ရှိကြရာ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက) UNITY AND DEMOCRACY PARTY OF KACHIN STATE ( UDPKS) က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ကို ၂၀၁၀ခုနှစ် ဇူလိုင် ၂၃ရက်တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့် ပါတီ (၄၅)ပါတီရှိပြီး နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားသည့် ပါတီ (၄၀)အနက် ပါတီ (၃၉)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စက်မှုကဏ္ဍကို ဘက်ပေါင်းစုံက မြှင့်တင်ခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်မည်

- သတင်းဆောင်းပါး - မောင်တွေးထက်
- ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း
- စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

**နေပြည်တော် ဇူလိုင် ၂၃**

ကမ္ဘာတစ်လွှားက ဖွံ့ဖြိုးပြီးနိုင်ငံတွေ ဘာကြောင့် ဖွံ့ဖြိုးတိုးတက်လာခဲ့ကြတယ်ဆိုတာ လေ့လာရင် အဓိက အကြောင်းရင်းကတော့ စက်မှုလုပ်ငန်းတွေ အရှိန်အဟုန်နဲ့ ထူထောင်နိုင်ခဲ့တဲ့ အကျိုးရလဒ်ပဲဆိုတာ တွေ့ရပါလိမ့်မယ်။ ဒီနေ့ခေတ်ကို သတင်းဆက်သွယ်ရေးနည်းပညာခေတ် (Information & Communication Technology) လို့ ပြောနေကြပါတယ်။ အငြင်းပွားစရာ မရှိပါဘူး။ မှန်ပါတယ်။ ဒါပေမယ့် စက်မှုခေတ်ပြောင်းတော်လှန်ရေးဆိုတာ မရှိခဲ့ဘဲနဲ့ ICT ခေတ်ကို ရောက်လာစရာ မရှိပါဘူး။ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရာကတစ်ဆင့် ပိုမိုကောင်းမွန်တဲ့ ခေတ်သစ်တစ်ခုဆီကို တက်လှမ်းလာခဲ့ကြတာပဲ ဖြစ်ပါတယ်။

**ပန်းပဲဖိုအဆင့်**

မြန်မာနိုင်ငံဟာ စက်မှုလုပ်ငန်းအတွက် လိုအပ်တဲ့ မြေပေါ်၊ မြေအောက်နဲ့ ရေအောက်သယံဇာတ (ကုန်ကြမ်းပစ္စည်း)တွေ *စာမျက်နှာ ၈ ကော်လံ ၁* ➲



မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန အမှတ်(၂) တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(ဘီးလင်း)ကို တွေ့ရစဉ်။



ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာစက်ရုံကို ဤသို့ ထည်ဝါစွာ မြင်တွေ့ရသည်မှာ စက်မှုနိုင်ငံတည်ဆောက်ရေးအတွက် အားတက်ဖွယ်····။

မြန်မာ့အလင်း

# အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇူလိုင် ၂၄ ရက်)

## ယဉ်ကျေးမှုအမွေအနှစ်များ အရှည်တည်တံ့ရေး ထိန်းသိမ်းစောင့်ရှောက်

နိုင်ငံတော်အစိုးရသည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ပျောက်ပျက်မသွားရန် ကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ် အထောက်အထားများကို လေ့လာသုတေသနပြုပြီး ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

ယင်းသို့ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်သည့်လုပ်ငန်းတစ်ရပ်အနေဖြင့် ရှေးဟောင်းသုတေသနဌာနသည် မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် မိုင်းမော်ကျေးရွာရှိ ပင်လယ်မြို့ဟောင်း တူးဖော်သုတေသနလုပ်ငန်းများကို ဖွန်လ ၆ရက်မှ ဇူလိုင်လ ၁၂ရက်အထိ ဆောင်ရွက်ခဲ့သည်။

တူးဖော်သုတေသနပြုလုပ်ခဲ့သည့် ကုန်းအမှတ် (၂၀)မှ ထွက်ပေါ်လာသော အဆောက်အအုံပုံစံသည် စတုရန်းပုံပန္နက်၏ အလယ်ဗဟိုတွင် စက်ဝိုင်းပုံပန္နက်ပါရှိသည့် ဗုဒ္ဓသာသနိက အဆောက်အအုံ၏ ပန္နက်ပုံစံမျိုးဖြစ်သည်။

အဆောက်အအုံ၏ အလယ်ဗဟိုတွင် အချင်း ၂၂ပေရှိသော စက်ဝိုင်းပုံသဏ္ဌာန် အုတ်ရိုးတန်းတည်ရှိပြီး အုတ်နံရံအဆင့်များကို အဆင်တန်ဆာပါရှိသော အုတ်ရိုးတန်းများနှင့် မြေမီးဖုတ်ရုပ်ကြွလက်ရာများဖြင့် တန်ဆာဆင်ထားသည်။ အဆောက်အအုံကို ပုံသဏ္ဌာန်အမျိုးမျိုးသောအုတ်ဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ ယခုတူးဖော်တွေ့ရှိရသော အဆောက်အအုံကြီးနှင့် မြေလွှာဖွဲ့စည်းမှုသည် သာသနိကအဆောက်အအုံဖြစ်ကြောင်းကို အဆောက်အအုံ၏ ပန္နက်ပုံ၊ တူးဖော်တွေ့ရှိသော ပစ္စည်းများကိုလေ့လာ၍ သိရှိနိုင်ပေသည်။

မျက်မှောက်ကာလ တူးဖော်ရရှိသော ရှေးဟောင်းပစ္စည်းအမွေအနှစ်များကို သုတေသနပြုချက်၏ အကျိုးရလဒ်များသည် မြန်မာနိုင်ငံ၏ သမိုင်းစဉ်တစ်လျှောက်ဖြစ်တည်ခဲ့သော မြန်မာ့ယဉ်ကျေးမှုသမိုင်း ခိုင်မာမှုကို သက်သေပြုလျက်ရှိသဖြင့် တူးဖော်ရရှိသော ယဉ်ကျေးမှုအမွေအနှစ်များ ကမ္ဘာတည်သရွေ့ အရှည်တည်တံ့ရေးအတွက် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



## တောင်ကြီးနှင့် ပင်းတယမြို့တို့၌ ဝန်ကြီး ဦးမောင်ဦး ဝန်ထမ်းများအား တွေ့ဆုံမှာကြား

နေပြည်တော် ဇူလိုင် ၂၃

ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးဦးမောင်ဦးသည် ဇူလိုင် ၁၉ရက် နံနက်ပိုင်းက တောင်ကြီးမြို့ရှိ ပြည်နယ်အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းကမ်းနှင့်အညီကျင့်ကြံနေထိုင်၍ ဝန်ထမ်းကောင်းဖြစ်အောင် ဆောင်ရွက်ရန်၊ အဂတိလိုက်စားမှု ကင်းရှင်းအောင်ဆောင်ရွက်ကြရန် စသည်ဖြင့် မှာကြားသည်။**(အပေါ်ပုံ)**

### တွေ့ဆုံ

ဝန်ကြီးသည် ဇူလိုင် ၂၀ရက် မွန်းလွဲပိုင်းက တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး ဆောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး ပင်းတယမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

ယင်းနောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးသစ်လက်ခံရရှိမှုနှင့် ရုံးနေရာချထားမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း လွှမ်းခြုံမှုမြှင့်တင်ရေး လှည်းကူးမြို့နယ်၌ အသိပေးဆွေးနွေး

လှည်းကူး ဇူလိုင် ၂၃

လှည်းကူးမြို့နယ်တွင် မြို့နယ်အဆင့် ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း လွှမ်းခြုံမှုမြှင့်တင်ရေး အသိပေးဆွေးနွေးခြင်းနှင့် သင်တန်းဖွင့်လှစ်ခြင်း အခမ်းအနားကို လှည်းကူးမြို့နယ် ဆေးရုံအစည်းအဝေးခန်းမ၌ ဇူလိုင် ၂၀ရက်က ကျင်းပရာ မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းမြတ်သူက အဖွင့်အမှာစကား ပြောကြားသည်။

### ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးဒေါက်တာယဉ်ယဉ်မိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။**(အောက်ပုံ)**

အဆိုပါ အခမ်းအနားသို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ် ကြက်ခြေနီအဖွဲ့ဝင်များနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္ဂနွေနေ့-နံနက်+နေ့လယ်+ည)

၂၅-၇-၂၀၁၀

| | |
|---|---|
| ၇း၀၀ | အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက် |
| ၇း၀၅ | တရားတော် **(မင်္ဂလသုတ်)** |
| | ဓမ္မပူဇာတေးပဒေသာ |
| ၇း၃၀ | (၃၈)ဖြာမင်္ဂလာ |
| ၇း၃၅ | နံနက်ခင်းတေးပဒေသာ |
| ၈း၀၀ | စံတော်ချိန် + သတင်း |
| ၈း၁၀ | နံနက်ခင်းတေးပဒေသာ |
| ၈း၃၀ | ဘဝအသွင်ကဗျာ့အမြင် (အလင်းလမ်း) |
| ၈း၃၅ | တေးပဒေသာ |
| ၁၀း၀၀ | မင်္ဂလာလက်ဆောင် |
| ၁၀း၃၀ | သတင်းစာအာဘော် |
| ၁၀း၃၅ | သန်စွမ်းကျန်းမာ ကိုယ်ခန္ဓာ (အသားလျှော့စားခြင်း၏ ကျန်းမာရေးအကျိုးကျေးဇူးများ) |
| ၁၀း၄၀ | တေးစီးရီး (Melody World) |
| ၁၁း၀၀ | နေ့လယ်ခင်းသတင်း |
| ၁၁း၁၀ | ဆိုကြပျော်ရွှင် တေးသံစဉ် |
| ၁၂း၀၀ | စံတော်ချိန် |
| | ကလေးအစီအစဉ် (ကလေးများအတွက် တေးကဗျာ-အလင်းရှင်ကဗျာ) |
| ၁၂း၁၀ | ဘဝတစ်ကွေ့ အတွေ့အကြုံ (ပီတိအပတုန်) |
| | နေ့လယ်ခင်းတေးပဒေသာ |
| ၁၂း၃၀ | စာအုပ်စာပေ လူ့မိတ်ဆွေ ငြိမ်းချမ်းသူတို့ (အရှင်ဝိမလာဘိဝံသ-မဟာမြိုင်) |
| ၁၂း၅၀ | နေ့လယ်ခင်းတေးပဒေသာ |
| ၁၃း၀၀ | မွန်းလွဲပိုင်းသတင်း |
| ၁၃း၁၀ | သိလိုသမျှမေး ကျန်းမာရေး တေးပဒေသာ |
| ၁၃း၃၀ | အစီအစဉ်ပြီး၏။ |
| ၁၆း၀၀ | အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ |
| ၁၆း၃၀ | သောတရှင်လိုရာတေး |
| ၁၇း၀၀ | မြတ်နိုးစရာ ကျေးရွာတေးကဗျာ |
| ၁၇း၂၅ | သတင်းစာဆောင်းပါး |
| ၁၇း၃၀ | ညနေခင်းတေးပဒေသာ |
| ၁၇း၃၅ | ဂန္ထဝင်ရှင်ခုနစ်သံ (၉) |
| ၁၈း၀၀ | ညနေခင်းသတင်း |
| ၁၈း၁၀ | တေးချစ်သူရွေးသီတေးပန်းချီ |
| ၁၈း၃၀ | သုတစုံကြွယ် သိစေဖွယ် **ကျေးဇူးကြီးလှ ဆရာ ဆရာမ** |
| ၁၈း၄၅ | တေးပဒေသာ |
| ၁၉း၀၀ | နိုင်ငံတကာသတင်း |
| ၁၉း၁၀ | Talk on Line(ခင်ဘုဏ်း) နိုင်ငံရေးဦးတည်ချက် |
| ၁၉း၃၀ | တေးပဒေသာ |
| ၂၀း၀၀ | ပြည်တွင်းသတင်း |
| ၂၀း၂၀ | ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (အန်းနော်) စီးပွားရေးဦးတည်ချက် |
| ၂၀း၄၀ | လယ်ယာစီးပွား (ငရုတ်စိုက်ပျိုးဝင်ငွေတိုး) |
| ၂၀း၅၀ | တေးပဒေသာ လူမှုရေးဦးတည်ချက် |
| ၂၁း၀၀ | ရင်တွင်းခံစား တေးသီချင်းများ (နန်းခင်ချောအေး) |
| ၂၁း၁၅ | ညချမ်းချိန်ခါတေးပဒေသာ |
| ၂၁း၃၀ | ခေတ်မရွေးသောတေး |
| ၂၁း၅၉ | အဖိတ်နေ့နှိုးဆော်ချက် |

## တိုင်းမှူး ဗိုလ်ချုပ်လှမင်း ဒိုက်ဦးကော်မှုန့်စက်ရုံ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၃

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှမင်းသည် ဇူလိုင် ၁၇ရက် နံနက်ပိုင်းက ဒိုက်ဦးမြို့နယ် အေးသုခကျေးရွာရှိ ဝက်မွေးမြူရေးနှင့် အစာစပ်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဒိုက်ဦးကော်မှုန့်စက်ရုံသို့ ရောက်ရှိစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက ပီလောပီနံများစိုက်ပျိုးထားရှိမှုနှင့် ကုန်ချောဖြန့်ဖြူးရောင်းချမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးသည် ပီလောပီနံ စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီ ဖရူဆိုမြို့၌ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ စစ်ဆေး

နေပြည်တော် ဇူလိုင် ၂၃

ကယားပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီသည် ဇူလိုင် ၂၂ရက်က ဖရူဆိုမြို့သို့ ရောက်ရှိပြီး ဖရူဆိုမြို့ ညောင်ဇင်ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံး ဆိုင်းဘုတ်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အတူ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

### စစ်ဆေး

ထို့နောက် ညောင်ဇင်ရပ်ကွက်၊ ထီးတရဲရပ်ကွက်၊ မြို့မအုပ်စုနှင့် ထီပေါဆိုကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးတို့သို့ ရောက်ရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်းပြုစုထားရှိမှု၊ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များ စနစ်တကျထားရှိမှု ရှိမရှိနှင့် ရုံးဖွင့်လှစ်ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

### ဆွေးနွေးမှာကြား

ယင်းနောက် ဖရူဆိုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့အားတွေ့ဆုံပြီး ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များ၊ လက်ရှိပါတီများ စုဝေးခြင်း၊ ဟောပြောခြင်းနှင့် စပ်လျဉ်း၍ ညွှန်ကြားချက်အမှတ် (၂/၂၀၁၀)နှင့်အညီ လိုက်နာဆောင်ရွက်ရေးကိစ္စရပ်များ၊ ကော်မရှင်လုပ်ငန်းများအောင်မြင်အောင် ကြီးကြပ်ဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ရန်ကုန်မြို့ ခုတင်(၅၀၀)ဆံ့ ကလေးအထူးကုဆေးရုံကြီး၌ ဇူလိုင် ၁၆ရက်တွင် ပထမဂရု(ပ်)ကုမ္ပဏီလီမိတက်က တန်ဖိုးငွေကျပ် ၄၄သိန်းကျော်ခန့်တန်ဖိုးရှိသော SIMILAC နို့မှုန့်များကို ဆေးရုံအုပ်ကြီး ဒေါက်တာ အောင်ကြည်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကျန်းမာရေး)





# ကျေးရွာစာကြည့်တိုက်များသို့ ပြည်သူများစာပေဖတ်ရှုသည့်အလေ့ ပိုမိုစွဲမြဲလာအောင်စည်းရုံး သတ်မှတ်စံများနှင့်ကိုက်ညီသည့် အခိုင်အမာစာကြည့်တိုက်များဖြစ်ရေးဖော်ဆောင်

## ပတ်ဝန်းကျင်ဒေသများသို့ ရုပ်/သံထုတ်လွှင့်မှု ထိထိရောက်ရောက် ပျံ့နှံ့ရောက်ရှိရေးဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၃

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် ဇူလိုင်၂၂ရက် ညနေ ၃နာရီက ကရင်ပြည်နယ် ဘားအံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ရောက်ရှိပြီး နံရံကပ်စာစောင်များ၊ ပိုစတာများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ အစည်းအဝေးခန်းမ၌ ကရင်ပြည်နယ်အတွင်းရှိ ဘားအံ၊ ကော့ကရိတ်၊ မြဝတီ၊ လှိုင်းဘွဲ၊ ပိုင်ကျုံနှင့် ကမမောင်းတို့မှ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများ၊ မော်လမြိုင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအားတွေ့ဆုံရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။



## ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီးက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများရှိ စာကြည့်တိုက်များသို့ ပြည်သူများ ပိုမိုလာရောက် စာပေဖတ်ရှုလေ့လာအောင်၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ပြည်သူများစာပေဖတ်ရှုသည့် အလေ့ ပိုမိုစွဲမြဲလာအောင် စည်းရုံးဆောင်ရွက်ရန်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများရှိ စာကြည့်တိုက်များအပါအဝင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို သတ်မှတ်စံများနှင့် ကိုက်ညီသည့် အခိုင်အမာ စာကြည့်တိုက်များဖြစ်အောင် ဆောင်ရွက်ကြရန်၊ မိမိတို့ဒေသအတွင်း ကျေးရွာတိုင်းသတင်းစာတစ်စောင် ရောက်ရှိဖတ်ရှုနိုင်ရေး၊ ဒို့ကျေးရွာ ဂျာနယ်တစ်စောင် ကျေးရွာတိုင်း ရောက်ရှိဖတ်ရှုနိုင်ရေးတို့အတွက် ကိုယ့်အားကိုယ်ကိုးသည့်စနစ်၊ ဒေသအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်သည့် စနစ်၊ စေတနာရှင် အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ဆောင်ရွက်သည့်စနစ်၊ နည်းသုံးနည်းဖြင့် ဆောင်ရွက်ကြရန်၊ ရုပ်/သံထုတ်လွှင့်မှုကို စက်စွမ်းအားအလျောက် ပတ်ဝန်းကျင်ဒေသများသို့ ထိထိရောက်ရောက် ပျံ့နှံ့ရောက်ရှိအောင် ဆောင်ရွက်ရန်၊ ထပ်မံတိုးချဲ့တည်ဆောက်မည့် ရုပ်/သံ ထပ်ဆင့်လွှင့်စက်ရုံများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်တို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

## ကြည့်ရှုစစ်ဆေး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ဘားအံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ နံရံကပ်စာစောင်များ၊ ပိုစတာများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# အာဆီယံပို့ဆောင်ရေး မဟာဗျူဟာစီမံကိန်း ရေးဆွဲနိုင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၃

အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော Vientiane Action Programme (VAP) (2004-2010)သည် ယခုနှစ်ကုန်တွင် ပြီးဆုံးမည်ဖြစ်ရာ အာဆီယံ ပို့ဆောင်ရေး မဟာဗျူဟာစီမံကိန်း (ASEAN Strategic Transport Plan-ASTP) (2011-2015) ရေးဆွဲရေးအတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသည် ERIA (Economic Research Institute for ASEAN and East Asia)မှ ကျွမ်းကျင်သူများ ပါဝင်သော အဖွဲ့အား တာဝန်ပေးအပ်၍ ASTP စီမံကိန်း (မူကြမ်း) တစ်ရပ် ရေးဆွဲနိုင်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ လှည့်လည်သွားရောက်ပြီး ပို့ဆောင်ရေးကဏ္ဍဆိုင်ရာ ဌာနအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အသင်းအဖွဲ့များနှင့် ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ ပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပ၍ သက်ဆိုင်ရာနိုင်ငံများ၏ စီမံကိန်းရေးဆွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်၊ အကြံပြုချက်၊ ဖြည့်စွက်လိုသည့်ကိစ္စရပ်များ အပါအဝင် နိုင်ငံများ၏ လက်ရှိအခြေအနေ၊ စိန်ခေါ်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြမည်ဖြစ်သည်။

## ကျင်းပ

ယခုအခါ အဆိုပါ ကျွမ်းကျင်အဖွဲ့သည် မြန်မာနိုင်ငံသို့ရောက်ရှိပြီး ASTP (2011-2015) ရေးဆွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၈နာရီခွဲ တွင် ရန်ကုန်မြို့ Chatrium Hotel၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေနှင့် ERIA (Economic Research Institute for ASEAN and East Asia)မှ အဖွဲ့ခေါင်းဆောင်တို့က အဖွင့်အမှာစကားပြောကြားကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ညနေ ၅နာရီအထိ ကျင်းပကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အလုပ်ရုံဆွေးနွေးပွဲ

(ASEAN Strategic Transport Plan-ASTP) (2011-2015) ရေးဆွဲနိုင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ Chatrium Hotel၌ ကျင်းပစဉ်။ (သတင်းစဉ်)





# စည်ပင်သာယာရေးလုပ်ငန်းများ မိုးမိတ်၌စစ်ဆေး

မိုးမိတ် ဇူလိုင် ၂၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေနှင့်အဖွဲ့သည် ဇူလိုင် ၁၆ ရက်က မိုးမိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်ပျိုးထောင်ထားရှိမှုနှင့် စည်ပင်သာယာရေး မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်ထွေး၊ တာဝန်ခံအင်ဂျင်နီယာ ဦးတင်မျိုးထွန်းတို့ ရှင်းလင်းတင်ပြကြသည်။

(မြို့နယ်စည်ပင်)

# စိုက်ပျိုးရေးလုပ်ငန်းနည်းပညာပေး

## စွမ်းရည်တိုးတက်ရေးသင်တန်း မူဆယ်မြို့နယ်၌ဖွင့်

မူဆယ် ဇူလိုင် ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုးချဲ့ပညာပေးရေး ဝန်ထမ်းများနည်းပညာပေးစွမ်းရည်တိုးတက်ရေးသင်တန်းကို မူဆယ်မြို့ စိုက်ပျိုးရေးရိပ်သာ၌ ဇူလိုင် ၁၁ရက် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ကျင်းပခဲ့သည်။

## ပို့ချ

အဆိုပါ သင်တန်းတွင် နေပြည်တော် မြေအသုံးချရေးဌာန မန်နေဂျာ ဒေါ်စန်းစန်းမြင့်က တည်တံ့ခိုင်မြဲသော လယ်ယာမြေစနစ်အတွက် အရေးပါသော မြေဆီလွှာထိန်းသိမ်းရေး၊ ပြုပြင်ရေးနှင့် မြေဆီမြေသြဇာတိုးတက်ရေးဆိုင်ရာ နည်းပညာများ၊ တီကောင်မွေးမြူရေးနှင့် သဘာဝ တီကျစ်မြေဆွေးထုတ်လုပ်နည်းကိုလည်းကောင်း၊ သီးနှံကာကွယ်ရေးဌာနခွဲ လက်ထောက်မန်နေဂျာ ဒေါ်မြင့်သူသွင်က သီးနှံပင်များတွင် ကျရောက်သော ဖျက်ပိုးရောဂါနှင့် ကာကွယ်နှိမ်နင်းနည်းများ၊ ဓာတုဆေးများကို စနစ်တကျအနံ့ခွဲနည်းပညာများကိုလည်းကောင်း၊ မျိုးစေ့ဌာန လက်ထောက်မန်နေဂျာ ဒေါ်မာမာလွင်က မျိုးကောင်းမျိုးသန့်နှင့် မျိုးအရည်အသွေး ထိန်းသိမ်းနည်းစနစ်များကိုလည်းကောင်း ပို့ချခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

**စာအုပ်စာပေ လှူမိတ်ဆွေ**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၄-၇-၂၀၁၀ (စနေနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၀၅ ၇။ တေးဂီတအစီအစဉ်
- ၈:၂၀ ၈။ အဆိုပြိုင်ပွဲ
- ၈:၃၀ ၉။ တောင်ပေါ်မြေပြန့် တိုင်းရင်းသားညီအစ်ကို မောင်နှမများပင်လောင်းလမ်း
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ Local Talent

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၂၀ ၅။ Yan Can Cook
- ၁၂:၄၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ** (အပိုင်း-၂၇)
- ၁၃:၄၀ ၇။ ရောင်စုံရေးသီတေးပန်းချီ
- ၁၃:၅၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၁၄:၀၀ ၉။ အတီးပြိုင်ပွဲ
- ၁၄:၂၀ ၁၀။ ဆီးချိုသွေးချိုကာကွယ်ပါ
- ၁၄:၄၀ ၁၁။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၁၄:၅၀ ၁၂။ International News
- ၁၅:၀၀ ၁၃။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ မြူးမြူးကြွကြွယဉ်ကျေးမှု အက
- ၄:၃၀ ၄။ **အမျိုးနှင့်မျိုး**
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅:၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၁၀ ၇။ တေးဂီတအစီအစဉ်
- ၅:၂၀ ၈။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၁။ အလှရှာမယ် လှကမ္ဘာဝယ်
- ၆:၂၅ ၁၂။ ယဉ်တစ်ကိုယ်မယ် (သရုပ်ဆောင်-နန်းဆုKဆွမ်) (ဒါရိုက်တာ-ခေတ်ဘုန်းမိုး)
- ၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်မိတာခွင့်လွှတ်ပါ** (အပိုင်း-၂၃)
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **ထာဝရ တို့မြေအလှ** ဟေမာနေဝင်း၊ တေးရေး-ပက်ထရစ်(မိုးသောက်ပန်း)
- ၁၈။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၄၄)
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေဆုံး မြေဆုံး** (အပိုင်း-၅)
- ၂၀။ ဂီတတံခါးလေးဖွင့်ပါဦး

# အာဖဂန်သမ္မတကာဇိုင်း၏ အစီအစဉ်
## ကမ္ဘာ့ခေါင်းဆောင်များ လက်ခံအတည်ပြု

ကဘူးလ် ဇူလိုင် ၂၃

**၂၀၁၄ခုနှစ်အရောက်တွင် အာဖဂန်နစ္စတန်အစိုးရက နိုင်ငံလုံခြုံရေးအား အပြည့်အဝတာဝန်ယူမည့်အစီအစဉ်များကို နိုင်ငံနှင့် အဖွဲ့အစည်း ၇၀ကျော်မှ ကမ္ဘာ့ခေါင်းဆောင်များက အတည်ပြုလက်ခံလိုက်သည်။**



ကြိုးပမ်းရန် အစီအစဉ်သစ်များချမှတ်ပြီး အာမခံချက်များဖြင့် အဆုံးသတ်လိုက်သည်။

အာဖဂန်နစ္စတန်အရေးတွင် ရေရှည်ပါဝင်ပတ်သက်ဆောင်ရွက်ပေးရန် နိုင်ငံတကာ အသိုက်အဝန်း၏ သန္နိဋ္ဌာန်ကို ညီလာခံကြေညာချက်က ထင်ဟပ်ဖော်ပြနေကြောင်း ညီလာခံ၌ သမ္မတကာဇိုင်း(ဝဲပုံ)နှင့် ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်သည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောကြားလိုက်သည်။ **(အင်တာနက်)**

### အတည်ပြု

အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ နိုင်ငံတကာညီလာခံသို့ တက်ရောက်ကြသည့် ကမ္ဘာ့ခေါင်းဆောင်များက အထက်ပါအတိုင်း အာဖဂန်နစ္စတန်အစိုးရ၏ အစီအစဉ်ကို လက်ခံအတည်ပြုပေးလိုက်ခြင်း ဖြစ်သည်။

### အဆုံးသတ်

ယခုနှစ်အတွင်း (၉)ကြိမ်မြောက်နှင့် အာဖဂန်နစ္စတန်နိုင်ငံအတွင်း ပထမဆုံး ကျင်းပသည့် ဤနိုင်ငံတကာညီလာခံမှာ အာဖဂန်နစ္စတန်နိုင်ငံ၌ ပြန်လည်တည်ဆောက်ရေး အကူအညီများပေးရန်နှင့် စစ်သွေးကြွလှုပ်ရှားမှုများ အဆုံးသတ်ရေး



တောင်အာဖရိကနိုင်ငံကမ်းလွန်တွင် စက်တပ်ရွက်လှေတစ်စင်းအနီး ရေပြင်မှ ထွက်ပေါ်လာသော တန် ၄၀ ခန့်ရှိ ဝေလငါးကြီးတစ်ကောင်ကို ဇူလိုင် ၂၂ရက်က ဤသို့ တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

# အီဂျစ်နယ်စပ်၌ ဥမင်ပြိုကျ

ဂါဇာ ဇူလိုင် ၂၃

ပါလက်စတိုင်း ဂါဇာမြို့တောင်ဘက် အီဂျစ်နယ်စပ်နှင့် ဆက်သွယ်ဖောက်လုပ်ထားသော ဥမင်လိုဏ်ခေါင်းတစ်ခု ဇူလိုင် ၂၂ ရက်က ပြိုကျခဲ့ရာ ပါလက်စတိုင်းခြောက်ဦး ပိတ်မိလျက်ရှိကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။

### ကယ်ဆယ်

ဥမင်လိုဏ်ခေါင်းအတွင်း ပိတ်မိနေသူများကို ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော်လည်း အခက်အခဲများနှင့် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ယင်းဥမင်သည် အီဂျစ်နိုင်ငံမှကုန်ပစ္စည်းများကို သယ်ယူရာလမ်းကြောင်းတစ်ခုလည်းဖြစ်သည်။

### ဟန့်တား

အစ္စရေးတို့က ၎င်းဥမင်လိုဏ်ခေါင်းများသည် လက်နက်မှောင်ခိုတင်သွင်းမှုနှင့် အစွန်းရောက်များ ဝင်ရောက်ရာဟု သတ်မှတ်ပြီး ဖြတ်သန်းသွားလာမှု ဟန့်တားလျက်ရှိသည်။

**(အင်တာနက်)**

# ပါလက်စတိုင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်း
## ဘရာဇီးက ဒေါ်လာ ၁၄သန်း ထောက်ပံ့ပေးမည်

ဂါဇာ ဇူလိုင် ၂၃

**ပါလက်စတိုင်း ဂါဇာကမ်းမြောင်ဒေသ ပြန်လည်တည်ဆောက်ရေးအတွက် ဘရာဇီးနိုင်ငံက အမေရိကန်ဒေါ်လာ ၁၄သန်း ကူညီထောက်ပံ့ပေးမည်ဖြစ်ကြောင်း ဘရာဇီးသမ္မတ လူလာဒါဆီးလ်ဗားက ဇူလိုင် ၂၂ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။**

### တိုက်တွန်း

ပါလက်စတိုင်း ပြန်လည်တည်ဆောက်ရေးအတွက် အကူအညီများပေးကြရန် ကုလသမဂ္ဂက ဆော်ဩတိုက်တွန်းခဲ့ပြီးနောက် ဘရာဇီးနိုင်ငံက ယင်းငွေကြေးများကို ထောက်ပံ့ကူညီရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း ဘရာဇီးသမ္မတက ပြောကြားသည်။

### လက်မှတ်ရေးထိုး

အဆိုပါငွေကြေးများကို ပါလက်စတိုင်း ပြန်လည်ထူထောင်ရေးအတွက် ရန်ပုံငွေအဖြစ် ပေးအပ်ထောက်ပံ့မည့် သဘောတူညီချက်ကို ဘရာဇီးသမ္မတ လူလာဒါဆီးလ်ဗားက ဇူလိုင် ၂၂ရက်တွင် သဘောတူညီကြောင်း လက်မှတ်ရေးထိုးလိုက်သည်။

ထိုသို့ သဘောတူညီမှုလက်မှတ်ရေးထိုးခြင်းကို ပါလက်စတိုင်းနိုင်ငံခြားရေးဝန်ကြီး နာဘီရှတ်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် လက်မှတ်ရေးထိုးလိုက်ခြင်း ဖြစ်သည်။ **(အင်တာနက်)**

# ရှားပါးမျောက်မျိုးစိတ် တွေ့ရှိ



*ကိုလံဘို ဇူလိုင် ၂၃*

*သီရိလင်္ကာနိုင်ငံ အလယ်ပိုင်းသစ်တောများအတွင်း အလွန်ရှားပါးသော မျောက်မျိုးစိတ်တစ်မျိုးကို သုတေသနပညာရှင်များက ဇူလိုင် ၂၁ရက်၌ ရှာဖွေတွေ့ရှိခဲ့ကြသည်။*

### *ပုံသဏ္ဌာန်*

*အဆိုပါ မျောက်မျိုးစိတ်သည် သန်မာပြီး သေးငယ်သောခြေနှင့်လက်များပါရှိကာ ခန္ဓာကိုယ်မှာ ဆလင်ဒါ ပုံသဏ္ဌာန်ကဲ့သို့ ရှိသည်။ ခန္ဓာကိုယ်တစ်ခုလုံးအား ထူထဲသော အမွေးများဖြင့် ဖုံးလွှမ်းထားသည်။ ကြီးမားသော မျက်လုံးများပါရှိပြီး ညအမှောင်တွင် ကောင်းစွာမြင်တွေ့နိုင်သည်။* ***(အပေါ်ပုံ)***

### *အရွယ်အစား*

*ယင်းရှားပါးမျောက်မျိုးစိတ်၏ ခန္ဓာကိုယ်အရွယ်အစားမှာ ၁၀လက်မခန့်ရှိပြီး သန်မာသော ခြေလက်များဖြင့် သစ်ပင်များပေါ်၌ လျင်မြန်စွာ သွားလာလှုပ်ရှားနိုင်သည်။ ၎င်းတို့သည် ညပိုင်းများ၌လည်း အစာရှာထွက်တတ်ပြီး အသီးအရွက်များအပြင် သက်ရှိသတ္တဝါငယ်လေးများကိုလည်း စားသုံးတတ်ကြသည်။*

*အဆိုပါ ရှားပါးမျောက်မျိုးစိတ်သည် တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံအချို့တို့၏ သစ်တောများအတွင်း နေထိုင်ကျက်စားလေ့ရှိကြောင်း သိရသည်။*

***(အင်တာနက်)***

# စစ်ဘက်ရဟတ်ယာဉ် နှစ်စင်း
## အိန္ဒိယ ထောက်ပံ့မည်

ဗစ်တိုးရီးယား ဇူလိုင် ၂၃

အိန္ဒိယနိုင်ငံက အိန္ဒိယသမုဒ္ဒရာကျွန်းနိုင်ငံဖြစ်သည့် ဆေးရှဲလက်စ်ကျွန်းသို့ စစ်ရဟတ်ယာဉ်နှစ်စင်းကို အကူအညီအဖြစ် ထောက်ပံ့ပေးအပ်မည်ဖြစ်ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးက ဇူလိုင် ၂၂ရက်၌ ပြောကြားသည်။

### ပြောကြား

ဆေးရှဲလက်စ်ကျွန်းနိုင်ငံလေးသို့ ဇူလိုင် ၂၁ရက်က အလည်အပတ်ခရီးရောက်ရှိနေသော အိန္ဒိယကာကွယ်ရေးဝန်ကြီး အေကေအင်တိုနီက ပြောကြားလိုက်ခြင်းဖြစ်ပြီး အဆိုပါ အကူအညီပေးမှု လွှဲပြောင်းခြင်း စာရွက်စာတမ်းများကို ဆေးရှဲလက်စ်ကျွန်းသမ္မတ ဂျိမ်းမိုက်ကယ်အား ပေးအပ်မည်ဖြစ်သည်။ **(အင်တာနက်)**

# ပါကစ္စတန်၌ မိုးသည်းထန်စွာရွာသွန်း
## နိုင်ငံတစ်ဝန်းသေဆုံးသူ ၁၉ဦးရှိ

အစ္စလမ်မ္မာဘတ် ဇူလိုင် ၂၃

ပါကစ္စတန်နိုင်ငံ ဘင်ဒူမြို့တွင် ဇူလိုင် ၂၂ရက်က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုနှင့် မုန်တိုင်းတိုက်ခတ်မှုကြောင့် နေအိမ်များ ရေလွှမ်းမှုနှင့်ကြုံတွေ့ခဲ့ရကြောင်း၊ နိုင်ငံတစ်ဝန်းသေဆုံးသူ ၁၉ဦးရှိပြီဖြစ်ကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။

### သေဆုံး

ပါကစ္စတန်နိုင်ငံတစ်ဝန်းတွင် ယခုနှစ် မိုးရာသီကာလအတွင်း ရေလွှမ်းမှုနှင့် မုန်တိုင်းတိုက်ခတ်မှုကြောင့် ဇူလိုင် ၂၂ရက်အထိ သေဆုံးသူဦးရေမှာ တိုးမြင့်လျက်ရှိသည်။ နေအိမ်ပျက်စီးမှုနှင့် ရေလွှမ်းမှုဒဏ်ကို ပြည်သူအများအပြား ကြုံတွေ့ခံစားခဲ့ရသည်။

### ရွာသွန်း

ယခုနှစ်ဇွန်လနှင့် ဇူလိုင်လများတွင် ပါကစ္စတန်နိုင်ငံတစ်ဝန်း အချို့ဒေသများ၌ မိုးရွာသွန်းမှုမှာ မိုးရေချိန် မီလီမီတာ ၁၀၀ကျော် အထိရှိခဲ့သည်။ ပန်ဂျပ်ပြည်နယ်အတွင်း မြို့ကြီးများဖြစ်သည့် ဆာဂိုဟာ၊ ဂူဂျရန်ဝါလာနှင့် လာဟိုးမြို့များတွင်မူ ရေလွှမ်းခြင်း နည်းပါးခဲ့သည်။

**(အင်တာနက်)**

# ဘတ်စ်ကားမီးရှို့သူ
## ဖမ်းဆီးခံရ

ပေကျင်း ဇူလိုင် ၂၃

တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ်တွင် လေဆိပ်ဘတ်စ်ကားမီးရှို့မှုဖြင့် ဇူလိုင် ၂၁ရက်က လူတစ်ဦးကို ရဲတပ်ဖွဲ့ကဖမ်းဆီးလိုက်ကြောင်း ဒေသဆိုင်ရာ ရဲဌာနက ဇူလိုင် ၂၂ ရက်တွင် ပြောကြားသည်။

### ဖမ်းဆီး

ဘတ်စ်ကားမီးလောင်မှုတွင် အနည်းဆုံး လူနှစ်ဦးသေဆုံးပြီး သုံးဦးအပြင်း အထန်ဒဏ်ရာရကာ ၁၁ ဦးမှာ ဒဏ်ရာအနည်းငယ်စီ ရရှိခဲ့သည်။ ၎င်းသည် ချန်ရှာမြို့တော်မှ ဟမ်းဟူအပြည်ပြည်ဆိုင်ရာလေဆိပ်သို့အသွားတွင် မီးရှို့ခဲ့ခြင်းဖြစ်ပြီး ၎င်းအား ဇူလိုင် ၂၂ ရက်က ဖမ်းဆီးခဲ့သည်။ **(အင်တာနက်)**

### နဂါးရုပ်တု

**တရုတ်နိုင်ငံ နန်နင်းမြို့၌ ကျင်းပလျက်ရှိသော ရိုးရာအစားအစာ လက်မှုအနုပညာပွဲတော်၌ နဂါးရုပ်တုပြုလုပ်ကာ ပါဝင်ဆင်နွှဲနေသည့် တရုတ်အမျိုးသမီးငယ်နှစ်ဦး၏ လက်ရာကို ဇူလိုင် ၂၃ရက်က တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)



# သန္တာကျောက်တန်း အရောင်ပြောင်းမှု မလေးရှားရှိ ကျွန်းသုံးကျွန်း ခေတ္တပိတ်ထား

ကွာလာလမ်ပူ ဇူလိုင် ၂၃

မလေးရှားနိုင်ငံရှိ သန္တာကျောက်တန်းကြီးများ ၉၀ရာခိုင်နှုန်းအထိ အရောင်ပြောင်းလဲမှုကြောင့် ၎င်းနိုင်ငံ၏ အဏ္ဏဝါပြတိုက်ကိုးခုနှင့် ကျွန်းသုံးကျွန်းကို ဇူလိုင် ၂ရက်မှ အောက်တိုဘာ ၃၁ရက်အထိ ခေတ္တပိတ်ထားသည်ဟု ဇူလိုင် ၂၁ရက်တွင် သက်ဆိုင်ရာရုံးအဖွဲ့က သတင်းထုတ်ပြန်သည်။

### သတိပေး

ပင်လယ်ရေမျက်နှာပြင် အပူချိန်မြင့်တက်လာမှုပြဿနာအား ကမ္ဘာတစ်ဝန်းမှ သတိပေးလျက်ရှိခြင်းကို မလေးရှားကျွန်းဆွယ်မြောက်ပိုင်း ကီဒက်ရှ်ပြည်နယ် လောင်ကာဝီ၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် မလေးရှားအဏ္ဏဝါပြတိုက်ဌာန ညွှန်ကြားရေးမှူး အဗ္ဗဒူလာဂျမေးလ်က ပြောကြားသည်။

### သေဆုံးနိုင်

လာမည့် ရက်သတ္တလေးပတ်အတွင်း ပင်လယ်ရေအပူချိန်သည် သာမန်အပူချိန်ထက် ၂ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လာပါက သန္တာကောင်များ သေဆုံးနိုင်မည်ဟု ဆိုသည်။ မလေးရှားနိုင်ငံရှိ အဏ္ဏဝါဥယျာဉ်များသို့ နှစ်စဉ် ကမ္ဘာလှည့်ခရီးသည် ၅၀၀၀၀၀ကျော် ရောက်ရှိသည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

24-7 (04).pmd 1 7/24/2010, 1:32 AM

# အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီး ဦးခင်မောင်မြင့် ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ အင်ဂျင်နီယာများနှင့် ဘဏ္ဍာရေးမှူးများအား တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၃

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဦးခင်မောင်မြင့်သည် ဇူလိုင် ၂၀ရက် နံနက် ၉နာရီက ရန်ကုန်တိုင်း အလုံမြို့နယ်ရှိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ရုံးချုပ် သင်တန်းခန်းမ၌ ကျင်းပသော ဒုလက်ထောက်ကြီးကြပ်ရေးမှူး (မီတာ)မီတာစာရေး သင်တန်းအမှတ်စဉ် (၃/၂၀၁၀)သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။**

အဆိုပါသင်တန်းသို့ ရန်ကုန်တိုင်း ခရိုင်လေးခရိုင်ရှိ မြို့နယ် ၄၅ မြို့နယ်မှ သင်တန်းသား သင်တန်းသူ ၁၁၀တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်သည်။

**မှာကြား**

ဆက်လက်၍ ဝန်ကြီးသည် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးချုပ်ရှိ စုပေါင်းအစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းအတွင်း ခရိုင်လေးခရိုင်နှင့် မြို့နယ် ၄၅ မြို့နယ်မှ အုပ်ချုပ်ရေးမှူးများ၊ လျှပ်စစ်အင်ဂျင်နီယာများနှင့် ဘဏ္ဍာရေးမှူးများအားတွေ့ဆုံ၍ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဆိုင်ရာကိစ္စရပ်များနှင့် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို အကျယ်တဝင့်မှာကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ထို့နောက် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ကျွမ်းကျင်သူ ဒေါက်တာစန်းဦး၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ အင်ဂျင်နီယာချုပ်နှင့် ဌာနအကြီးအကဲများက ဝန်ထမ်းရေးရာကိစ္စရပ်များ၊ လျှပ်စစ်ဓာတ်အားရရှိမှုနှင့် ပြန်လည်ဖြန့်ဖြူးပေးမှုအခြေအနေများ၊ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်လီမိတက် နှစ်ပတ်လည် စုံညီအစည်းအဝေးတွင် ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသိန်းက အလှူငွေကျပ်သိန်း ၃၀ပေးအပ်လှူဒါန်းရာ ဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ်အောင်ဘယ်လ်(ငြိမ်း)က ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

# မြို့ပြအင်ဂျင်နီယာ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၃

၁၉၈၀-၈၅ခုနှစ် ရန်ကုန်စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာကျောင်းသားကျောင်းသူဟောင်းများ၏ (၂၅)နှစ်မြောက် ငွေရတုအာစရိယပူဇော်ပွဲကို အောက်တိုဘာ ၃၀ရက် (စနေနေ့)တွင် ရန်ကုန်မြို့ Park Royal Hotel ၌ ကျင်းပမည်ဖြစ်ရာ ကိုစောထွေးဇော် (ရန်ကုန်)ဖုန်း-၀၁-၆၆၂၁၀၀၊ ၀၉-၅၀-၀၉၃၅၆၊ ကိုခင်မောင်လွင် (ရန်ကုန်)ဖုန်း-၀၉-၅၁-၂၀၉၃၀၊ ကိုသိန်းမင်း(ရန်ကုန်) ဖုန်း-၀၉-၅၀-၃၀၄၄၅၊ ကိုကျော်မင်း(ရန်ကုန်) ဖုန်း-၀၉-၅၀-၁၇၆၇၈၊ မမီမီချမ်း(ရန်ကုန်)ဖုန်း-၀၁-၅၆၄၁၆၇၊ ၀၉-၈၆-၁၈၁၇၅၊ မသက်သက်မွန် (ရန်ကုန်)ဖုန်း-၀၉-၅၀-၀၈၆၂၂၊ ကိုမျိုးဝင်း(နေပြည်တော်)ဖုန်း-၀၉-၈၆-၁၈၁၈၄၊ မခင်စန်းသွင်(နေပြည်တော်) ဖုန်း-၀၆၇-၄၀၇၄၇၅၊ ကိုဝင်းဦး(မန္တလေး) ဖုန်း-၀၉-၂၀-၀၄၇၈၇၊ ကိုမိုးအောင်(ပြင်ဦးလွင်) ဖုန်း-၀၉-၂၀-၄၄၂၂၂နှင့် ကိုဝင်းမော်ဌေး(မကွေး) ဖုန်း-၀၉-၅၃-၄၁၀၇၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

**ဇူလိုင် ၆ရက်က ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဝင်း အနီးကပ်ကြီးကြပ်လျက် လက်ပံကုန်း-လယ်ပြောင်းပြန်-အုတ်ဖို ကျေးလက်မြေသားလမ်းခင်းခြင်းဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)



# အသည်းရောဂါဆိုင်ရာ နောက်ဆုံးပေါ်စက်ဖြင့် မြန်မာနိုင်ငံ၌ စစ်ဆေးနိုင်ပြီ

ရန်ကုန် ဇူလိုင် ၂၃

အသည်းခြောက်၊ အသည်းကြွပ်၊ အသည်းအဆီဖုံးခြင်း ရောဂါများအတွက် အသားစ နမူနာယူစစ်ဆေးခြင်း (Liver Biopsy)ကို အစားထိုးလျက် စစ်ဆေးနိုင်သော နောက်ဆုံးပေါ်စစ်ဆေးမှုကို မြန်မာနိုင်ငံ၌ ပြုလုပ်နိုင်ပြီဖြစ်ကြောင်း၊ Fibroscan ဟုခေါ်သော ၄င်းစက်သည် Transient Elasto Graphy နည်းပညာဖြင့် လူနာအား လုံးဝမနာကျင်စေပဲ စက္ကန့်အနည်းငယ်အတွင်း အသည်းခြောက်ခြင်းအဆင့်ကို တိကျစွာ ဖော်ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ပထမဆုံး**

Fibroscan စက်ဖြင့် စစ်ဆေးခြင်းသည် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော တယ်လီဗေးရှင်း ဓာတ်မှန်တစ်မျိုးဖြစ်ကြောင်း၊ ပြင်သစ်နိုင်ငံ Echosens ကုမ္ပဏီမှ ထုတ်လုပ်ပြီး ကမ္ဘာပေါ်တွင် အလုံး ၆၀၀ကျော်ရှိသည့်အနက် အရှေ့တောင်အာရှတွင် ၁၀လုံးကျော်သာရှိကြောင်း၊ မြန်မာနိုင်ငံတွင် ပထမဆုံးနှင့် တစ်ခုတည်းသော ယူနစ်ဖြစ်ကြောင်း သိရသည်။

**မေးမြန်းနိုင်**

အဓိကအားဖြင့် အသည်းရောင်ဘီပိုး၊ စီပိုးရှိသူများ၊ အသည်းအဆီဖုံးသူများနှင့် အရက်သောက်၍ အသည်းမကျန်းမာသူများ၊ အသည်းကျန်းမာရေးကို ပုံမှန်စစ်ဆေးလိုသူများအတွက် မရှိမဖြစ်သော စစ်ဆေးခြင်းဖြစ်ကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် ပြည်ပနိုင်ငံများထက် များစွာသက်သာသောနှုန်းဖြင့် SML Advanced Medical Laboratory တွင် စစ်ဆေးပေးနေကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၅၄၄၄၆၃၊ ၅၄၄၄၆၄ နှင့် ၅၄၄၄၆၅ တို့သို့ နံနက် ၇ နာရီမှ ည ၁၀နာရီအထိ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# အလယ်တန်းကျောင်း(ခွဲ)ကျောင်းဆောင်သစ် ဆားလင်းကြီးမြို့နယ် ဆားခါးကျေးရွာ၌ဖွင့်

ဆားလင်းကြီး ဇူလိုင် ၂၃

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ဆားခါးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) မဟော်သဓာ ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၅ရက် နံနက် ၉နာရီက ယင်းကျောင်းဆောင်ရှေ့၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းဟန်၊ မြို့နယ်ပညာရေးမှူး ဦးအောင်ထွန်းနှင့် အလှူရှင် ဦးမြတ်လင်းရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) မဟော်သဓာ ကျောင်းဆောင်သစ်ကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပြီး အလှူရှင် ဦးသိန်းဝင်းက ကျောင်းသား ကျောင်းသူများအတွက် ငွေကျပ် ၆၄၀၀၀၀တန်ဖိုးရှိ ဗလာစာအုပ်ဒါဇင် ၄၀၀ လှူဒါန်းသည်။

**လှူဒါန်း**

အဆိုပါအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အလှူရှင်များ၏ လှူဒါန်းငွေ ကျပ်သိန်း ၄၅၀ဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## သတိပေးနှိုးဆော်ချက်

*ရန်ကုန်မြို့အတွင်း သွားလာလျက်ရှိသည့် အချို့မော်တော်ယာဉ်များသည် ယာယီနံပါတ်အမျိုးမျိုးအား တပ်ဆင်သွားလာလျက်ရှိကြောင်းတွေ့ရှိရပါသည်။ ထိုသို့ သွားလာလျက်ရှိရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ပေးထားသည့် စက်မှုဇုန်ထုတ် ယာယီနံပါတ် ခွင့်ပြုကာလ နှစ်လ၊ လေလံနံပါတ် ခွင့်ပြုကာလ သုံးလကိုသာ တပ်ဆင်၍ စည်းကမ်း သတ်မှတ်ချက်နှင့်အညီ သွားလာကြရန်နှင့် သတ်မှတ်ထုတ်ပေးထားခြင်း မရှိသော ယာယီနံပါတ်များ တပ်ဆင်မောင်းနှင်နေခြင်းအားစစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။*

*ရန်ကုန်တိုင်း*
*ယာဉ်စည်းကမ်းထိန်းသိမ်းရေး*
*ကြီးကြပ်မှုကော်မတီ*

# ပြည့်စုံထွန်း တံတားသစ်ဖွင့်ပွဲ မလှိုင်မြို့နယ်၌ ကျင်းပ

မလှိုင် ဇူလိုင် ၂၃

မလှိုင်မြို့နယ် ကူကြီးကုန်းကျေးရွာအုပ်စု ကူကြီးကျေးရွာ ပြည့်စုံထွန်းတံတားသစ်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၄ရက်က အဆိုပါတံတားထိပ်၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်**

ဆက်လက်၍ မင်္ဂလာအချိန်တွင် ပြည့်စုံထွန်းတံတားသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးသန်းရွှေ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အလှူရှင် ဦးစောထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

**ကြိုးဆွဲဖွင့်လှစ်**

ထို့နောက် အလှူရှင် ဦးစောထွန်း-ဒေါ်မိုးမိုးမြင့်တို့က ပြည့်စုံထွန်းတံတားကမ္ပည်းကျောက်စာကို ကြိုးဆွဲဖွင့်လှစ်ပေးသည်။

အဆိုပါတံတားမှာ သံကူကွန်ကရစ်တံတားဖြစ်ပြီး အလျား ၁၅ပေပတ်လည်၊ အမြင့် ကိုးပေရှိပြီး အလှူရှင်ဦးစောထွန်း-ဒေါ်မိုးမိုးမြင့်(ပြည့်စုံထွန်းရောင်းဝယ်ရေး) မိသားစုက မတည်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းကုန်ကျငွေကျပ် ၁၇၉၉၀၀၀ ဖြစ်ကြောင်း သိရသည်။ **(၀၈၂)**



## မြဝတီရုပ်မြင်သံကြား

၂၄-၇-၂၀၁၀ (စနေနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | တရားတော် |
| ၇:၁၀ | ၃။ | ဓမ္မပူဇာတေး |
| ၇:၂၀ | ၄။ | မျိုးချစ်တပ်မတော် |
| ၇:၂၅ | ၅။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၆။ | မြန်မာသံစဉ် ချိုနားဝင် |
| ၇:၄၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁:၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၁:၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၁:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၁:၃၀ | ၄။ | ကာတွန်းအစီအစဉ် **အမြှာစုံထောက်** (အပိုင်း-၂၃) |
| ၁၂:၀၀ | ၅။ | ရုပ်မြင်သံကြားဇာတ်လမ်း **မမြင်နိုင်သော** ထွန်းထွန်း၊ သက်မွန်မြင့်၊ (ဒါရိုက်တာ-ညွှန့်မြန်မာ ညီညီအောင်) |
| ၁၃:၃၀ | ၆။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၁၄:၀၀ | ၇။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၅၄) |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၃၀ | ၃။ | ချစ်သူစုံတွဲ တူယှဉ်နွဲ |
| ၄:၃၅ | ၄။ | မြတ်နိုးကြစေ အမျိုးသားအမွေ |
| ၄:၄၅ | ၅။ | မြန်မာသံစဉ် ချိုနားဝင် |
| ၄:၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅:၀၀ | ၇။ | တိုင်းကျိုးပြည်ပြု တည်ထောင်မှု |
| ၅:၂၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅:၄၀ | ၉။ | ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ |
| ၆:၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၂၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |
| ၆:၂၅ | ၁၂။ | လျှပ်တစ်ပြက် |
| ၆:၃၀ | ၁၃။ | **စားဖို ဆောင် ချစ်သူ** |
| ၆:၄၅ | ၁၄။ | ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား |
| ၇:၀၀ | ၁၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့သူရဲကောင်း** (အပိုင်း-၃၃) |
| ၈:၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | နိုင်ငံတကာသတင်း |
| | ၁၈။ | မိုးလေဝသသတင်း |
| | ၁၉။ | အမျိုးသားရေးတေးကဗျာ |
| | ၂၀။ | လူရွှင်တော်စတား |
| | ၂၁။ | အင်္ဂလိပ်စာသုတ |
| | ၂၂။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၃။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (အပိုင်း-၆၄) |
| | ၂၄။ | **လင်းရောင်စဉ်အတွက် ပုံရိပ်များ** (အပိုင်း-၁၂) |

# တိုင်းမှူးဗိုလ်ချုပ်တင်ငွေ
# နွေစပါးရိတ်သိမ်းခြွေလှေ့မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၃

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေသည် ဇူလိုင် ၂၀ရက် နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် ရန်ကုန်-မန္တလေးလမ်း စက်ဘီး၊ ဆိုင်ကယ်ကွန်ကရစ်လမ်း လမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ရာ တာဝန်ရှိသူတစ်ဦးက လမ်းသစ်ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးနှင့် မန္တလေးမြို့တော်ဝန် ဦးဖုန်းဇော်ဟန်တို့သည် လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ထိုမှတစ်ဆင့် ပုသိမ်ကြီးမြို့နယ် ကွေ့ကြီးကုန်းကျေးရွာ၌ မိုးစပါးစိုက်ပျိုးမည့် မျိုးနမူနာများနှင့် သဘာဝဓာတ်မြေဩဇာများကို ကြည့်ရှုစစ်ဆေးရာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

**အားပေး**

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်၌ကျင်းပသော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ တိုင်းမှူးက အထိမ်းအမှတ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးပြီး အခမ်းအနားတက်ရောက်လာကြသူများ၏ သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# နေပြည်တော် လယ်ဝေးမြို့နယ်ရှိ စက်ရုံများ
# ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၃

**အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက နေပြည်တော် လယ်ဝေးမြို့နယ်ရှိ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း နေပြည်တော် ဘိလပ်မြေစက်ရုံ (တောင်ဖီလာ)သို့ရောက်ရှိရာ ဝန်ကြီးက သတ်မှတ်စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးနှင့်အရည်အသွေး စံချိန်စံညွှန်းပြည့်မီသော ဘိလပ်မြေများ ထုတ်လုပ်ကြရန် မှာကြားသည်။** (အပေါ်ပုံ)

**မှာကြား**

ယင်းနောက် ဘိလပ်မြေထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်နှင့် ကုန်ကြမ်းများ စနစ်တကျသိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထိုမှတစ်ဆင့် ဝန်ကြီးသည် Max Myanmar Group of Companies ၏ တစ်နေ့တန် ၅၀၀ကျ ဘိလပ်မြေစက်ရုံအတွင်း လှည့်လည်ကြည့်ရှုပြီး မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ရေနီအမှတ်(၂) စက္ကူစက်ရုံသို့ ရောက်ရှိကာ ၂၅တန်ကျ ဘိလပ်မြေစက္ကူစက်ရုံနှင့် တစ်နေ့တန် ၂၀ကျ ကတ်ထူစက္ကူစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

**စီစဉ်ဆောင်ရွက်**

ထိုမှတစ်ဆင့် မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း တစ်နေ့တန် ၅၀ကျ သတင်းစာပျော့ဖတ်နှင့် တစ်နေ့တန် ၈၀ကျ ထုပ်ပိုးစက္ကူစက်ရုံ (ရေနီ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် နေပြည်တော် လယ်ဝေးမြို့နယ် ပန်းတင်ကျေးရွာအနီး မြန်မာ့ကြွေထည် မြေထည် လုပ်ငန်းကအကောင်အထည်ဖော် တည်ဆောက်လျက်ရှိသော တစ်နေ့လျှင် အုတ်ချပ်ရေ ၅၀၀၀၀ ကျ နေပြည်တော် အုတ်စက်ရုံ (ပန်းတင်)စီမံကိန်းသို့ရောက်ရှိ ကြည့်ရှုစစ်ဆေး၍ သတ်မှတ်ရက်အတွင်း ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ နေပြည်တော် အုတ်စက်ရုံ စီမံကိန်း (ပန်းတင်) တည်ဆောက်ပြီးစီးပါက တစ်နေ့လျှင် အုတ်ချပ်ရေ ၅၀၀၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး တစ်နှစ်လျှင် အုတ်ချပ်ရေ သန်း ၁၅ကို နေပြည်တော် တည်ဆောက်ရေး လုပ်ငန်းများအတွက် ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပွင့်ဖြူမြို့နယ် ကန်ပြည့်ကျေးရွာ
# အခြေခံပညာအလယ်တန်းကျောင်းခွဲဖွင့်

ပွင့်ဖြူ ဇူလိုင် ၂၃

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကန်ပြည့် ကျေးရွာအခြေခံပညာအလယ်တန်းကျောင်းခွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၂ရက် နံနက် ၁၀နာရီက ကန်ပြည့်ကျေးရွာအခြေခံပညာ အလယ်တန်းကျောင်းခွဲ၌ကျင်းပရာ မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်ငွေ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှငွေ၊ မြို့နယ်ပညာရေးမှူး ဦးချစ်ဆွေနှင့်ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ငွေဝင်းတို့က ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် မြို့နယ်ပညာရေးမှူး ဦးချစ်ဆွေက ကျောင်းခွဲဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျောင်းအုပ်ဆရာမကြီးက ဖွင့်ပွဲအထိမ်းအမှတ်အလံများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

**ပေးအပ်**

ယင်းနောက် ကျောင်းအဆောက်အအုံနှင့် ပတ်သက်သည့် မှတ်တမ်းများကို မြို့နယ်ပညာရေးမှူး ဦးချစ်ဆွေထံ ပေးအပ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

ညောင်ဦးမြို့နယ်တွင် မန္တလေးမြို့ စက်မှုဇုန်(၂)နေ ဦးတင်လှ-ဒေါ်ခင်ကြိုင်(ရွှေပေါ်ဦး ကျောက်မျက်ရတနာကုမ္ပဏီ)မိသားစုက နှစ်ဖက်မိဘများဖြစ်ကြသော ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာနေ ဦးဝိုင်းမောင်-ဒေါ်ကြင်သန်း၊ ဟိုပင်မြို့နေ ဦးကျန်ရှင်-ဒေါ်ကြည်ခင်တို့အား အမှူးထား၍ ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာ တောင်ဇင်းတိုက်နယ်ဆေးရုံသို့ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ငါးသိန်းနှင့် Air Set အတွက် မတည်အလှူငွေကျပ် နှစ်သိန်း လှူဒါန်းရာ တိုက်နယ်ဆရာဝန် ဒေါက်တာကျော်နိုင်ဝင်း လက်ခံယူစဉ်။ (ခရိုင် ပြန်/ဆက်)



# ကွန်ပျူတာနည်းပညာဆိုင်ရာသင်တန်း
# တက်ရောက်သင်ကြားနိုင်

နေပြည်တော် ဇူလိုင် ၂၃

Myanmar Professionals Education Centre မှ မလေးရှားနိုင်ငံ Cambridge ICT မှ ပေးအပ်သည့် CICT Diploma in Software Engineering သင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

Computer အခြေခံရှိရုံဖြင့် တက်ရောက်နိုင်ပြီး သင်တန်းကာလ ကိုးလကြာမြင့်မည်ဖြစ်သော အဆိုပါ Diploma သင်တန်းတွင် Software Engineering နှင့်သက်ဆိုင်သော အဓိကဘာသာရပ်ခြောက်ခုနှင့် လက်တွေ့လုပ်ငန်းခွင်အသုံးချ Project တစ်ခုကို ထည့်သွင်းသင်ကြားပေးသွားမည်ဖြစ်သည်။

**သင်ကြားပို့ချ**

Diploma in Software Engineering သင်တန်းကို သင်ကြားမှုအတွေ့အကြုံသာမက လုပ်ငန်းခွင်အတွေ့အကြုံ ရင့်ကျက်သော ဆရာ ဆရာမများက စနစ်တကျ လေ့ကျင့်သင်ကြားပေးမည် ဖြစ်သည်။ ထို့အပြင် Software ရေးသားမှုအတွေ့အကြုံရှိသူများကပါ ထပ်မံ၍ လုပ်ငန်းခွင် အတွေ့အကြုံများကို Knowledge Sharing အနေဖြင့် သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

တက်ရောက်လိုသူကျောင်းသားများအတွက် သင်တန်းကြေးကိုလည်း အရစ်ကျပေးသွင်းနိုင်စေရန် စီစဉ်ထားရှိပြီး တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ထားပြီးသူများမှစ၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်သည်။

**လက်ခံပေးမည်**

သင်တန်းခွဲသစ်ကို ၂၀၁၀ ခုနှစ် ဇူလိုင်လကုန်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး အထူးအစီအစဉ်အနေဖြင့် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ကျောင်းသားကျောင်းသူများအား အထူး Discount ဖြင့် လက်ခံပေးမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူ ကျောင်းသားများနှင့် မိဘများသည် အသေးစိတ်အချက်အလက်များကို Myanmar Professionals Education Centre (MPEC) အခန်း (၈၀၄-ဘီ)ဒဂုံစင်တာ မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၇၃၀-၆၆၂၇၈ သို့ ဆက်သွယ်စုံစမ်း၍ ကြိုတင်စာရင်းပေးသွင်းထားနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရေစီးရေလာကောင်းမွန်ရေး

**ပလောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့နယ်တာဝန်ခံ ဦးဟုန်စိုး ဇွန်၂၀ရက်က အမှတ်(၁)ရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ် မြောင်း တူးဖော်ခြင်းကို ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)



## သစ်တော သစ်ပင်
## ဒို့ချစ်ခင်
## နှစ်စဉ် စိုက်ပျိုး
## အလှတိုး

## ခြင်ဆေးဖျန်း

တမူးမြို့၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ရပ်ကွက်ဥက္ကဋ္ဌများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ ပူးပေါင်း၍ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)



## ထုတ်လုပ်

မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်းရဲ့ ကြီးကြပ်မှုအောက်မှာရှိတဲ့ မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံတွေကနေ လူစီးမော်တော်ယာဉ်တွေအဖြစ် Myanmar Single Cab (MSC), Sport Utility Vehicle (SUV), Myanmar Double Cab (MDC), Estate Wagon Jeep (EW-1), Pathfinder (EW-2), Myanmar Electric Vehicle (MEV), TE-21 (Truck), Myanmar Station Wagon (MSW) တို့ကိုလည်းကောင်း၊ လုပ်ငန်းခွင်သုံး စက်ယန္တရားတွေအဖြစ် 3 Ton Forklift , Bulldozer, Excavator , Mini Excavator, Vibratory Soil Compactor, 3 Wheel Road Roller တို့ကို စတင်ထုတ်လုပ်နေပြီဖြစ်ပါတယ်။ ၁၉၈၈ခုနှစ် မတိုင်မီက Mazda Jeep နဲ့ TE-21 (Truck) တို့ကိုသာ ထုတ်လုပ်နိုင်ခဲ့ပေမယ့် ၁၉၈၈ခုနှစ် နောက်ပိုင်းမှာ မော်တော်ယာဉ်အမျိုးအစားပေါင်း ၁၄မျိုးအထိ ထုတ်လုပ်လာနိုင်ခဲ့ပါတယ်။

မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်းရဲ့ ကြီးကြပ်မှုအောက်မှာရှိတဲ့ တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံတွေကနေ တာယာအမျိုးအစားတွေအဖြစ် လူစီးမော်တော်ယာဉ်တာယာ၊ အပေါ့စားကုန်တင်ယာဉ်တာယာ၊ အကြီးစားကုန်တင်ယာဉ်တာယာနှင့် လယ်ယာသုံးမော်တော်ယာဉ်တာယာ၊ ရော်ဘာအမျိုးအစားတွေအဖြစ် ခရမ့်ရော်ဘာ (Crumb Rubber)နှင့် မှိုင်းခံရော်ဘာ (Ribbed Smoked Sheed Rubber) တွေကို ထုတ်လုပ်လျက်ရှိပါတယ်။

## လယ်ယာသုံးစက်ကိရိယာ

မြန်မာ့လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းရဲ့ ကြီးကြပ်မှုအောက်မှာရှိတဲ့ လယ်ယာသုံးစက်ပစ္စည်းစက်ရုံတွေကနေ ဘက်ထရီအားသုံး



အမှတ်(၂) လယ်ယာသုံးပစ္စည်းထုတ်လုပ်မှုစက်ရုံ(မလွန်)မှ ထုတ်လုပ်သော မြင်းကောင်ရေ(၅၀) ထွန်စက်များသည်ကား ဤသို့ အစီအရီ....။



ကောက်ရိတ်စက်၊ ဇရာ(၁) လက်တွန်းထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ လေးလက်မ ရေစုပ်စက်၊ လေးလက်မ အမြင့်တင်ရေစုပ်စက်၊ ဖွဲလယ်ထွန်စက်၊ လယ်သမားသုံး စက်ကိရိယာများဖြစ်တဲ့ ပေါက်တူး၊ ဂေါ်ပြား၊ ပေါက်ချွန်းနဲ့ ပုဆိန်၊ ထော်လာဂျီ၊ လေးတန်နောက်တွဲယာဉ်၊ သုံးသွားထယ်၊ ၁၆သွားထွန်၊ အငယ်စားလယ်ထွန်စက် (Mini Tractor)၊ သုံးဘီး လမ်းကြိတ်စက်တို့ကို ထုတ်လုပ်လျက်ရှိပါတယ်။ ၁၉၈၈ခုနှစ် မတိုင်မီက ပစ္စည်း ၁၅မျိုးထုတ်လုပ်ခဲ့ပြီး ၁၉၈၈ခုနှစ်နောက်ပိုင်းမှာ ပစ္စည်းလေးမျိုး ထပ်မံထုတ်လုပ်နိုင်ခဲ့တာမို့ အခုဆိုရင် လယ်ယာသုံးစက်ကိရိယာ ၁၉မျိုး ထုတ်လုပ်နိုင်ပြီ ဖြစ်ပါတယ်။

မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းရဲ့ ကြီးကြပ်မှုအောက်မှာရှိတဲ့ စက်ရုံတွေကနေ စက်ပစ္စည်းကိရိယာ ၂၁မျိုး၊ ကြေးကြိုးအမျိုးမျိုးဖြစ်တဲ့ PVC Cable, Bare Copper Wire, Enamelled Rod နှင့် Power Cable၊ လျှပ်စစ်နှင့်အီလက်ထရွန်နစ် ပစ္စည်းတွေဖြစ်တဲ့ Solar , LED မီးသီး၊ ဘက်ထရီအိုး၊ အောက်ဆီဂျင်ဓာတ်ငွေ့၊ အက်ဆက်တလင်းဓာတ်ငွေ့၊ လျှပ်စစ်မီတာ၊ Transformer, Turbine နဲ့ Generator တို့ကို ထုတ်လုပ်လျက်ရှိပါတယ်။

၁၉၈၈ခုနှစ်မတိုင်မီက ဘက်ထရီအိုး၊ အောက်ဆီဂျင်ဓာတ်ငွေ့နဲ့ အက်ဆက်တလင်းဓာတ်ငွေ့တို့ကိုသာ ထုတ်လုပ်နိုင်ခဲ့တာဖြစ်ပါတယ်။ ၁၉၈၈ခုနှစ်နောက်ပိုင်းမှာ စက်ကိရိယာနဲ့ အီလက်ထရွန်နစ်ပစ္စည်း အမျိုးအမည်စုစုပေါင်း ၃၅မျိုးအထိ ထုတ်လုပ်နိုင်ပြီဖြစ်ပါတယ်။

## တက်လှမ်းနိုင်

ဒီနေ့ကာလမှာ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်မယ်ဆိုတာကို အားလုံးလက်ခံထားကြပြီးဖြစ်ပါတယ်။ 'သံသေတစ်ပြည်ဝ' ဆိုတဲ့ ဆိုရိုးစကားဟာ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် တိုင်းပြည်သာယာဝပြောနိုင်တယ်ဆိုတာ ညွှန်းဆိုလျက်ရှိပါတယ်။

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာမှာ နိုင်ငံတော်ပိုင်းသာမက ပုဂ္ဂလိကကဏ္ဍကပါ ပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်မှာဖြစ်လို့ ပြည်နယ်နှင့်တိုင်း ဒေသအသီးသီးမှာ စုစုပေါင်း စက်မှုဇုန် ၁၈ဇုန် ထူထောင်ပေးနိုင်ခဲ့ပါတယ်။ အဲဒီစက်မှုဇုန်တွေကတော့ မန္တလေးစက်မှုဇုန်၊ မြင်းခြံစက်မှုဇုန်၊ ရန်ကုန်(အရှေ့ပိုင်း)ခရိုင်စက်မှုဇုန်၊ ရန်ကုန်(အနောက်ပိုင်း) ခရိုင်စက်မှုဇုန်၊ ရန်ကုန်(တောင်ပိုင်း)ခရိုင်စက်မှုဇုန်၊ ရန်ကုန်(မြောက်ပိုင်း) ခရိုင်စက်မှုဇုန်၊ မိတ္ထီလာစက်မှုဇုန်၊ မြောင်းမြစက်မှုဇုန်၊ ဟင်္သာတစက်မှုဇုန်၊ မော်လမြိုင်စက်မှုဇုန်၊ မုံရွာစက်မှုဇုန်၊ တောင်ကြီးစက်မှုဇုန်၊ ရေနံချောင်းစက်မှုဇုန်၊ ပုသိမ်စက်မှုဇုန်၊ မြိတ်စက်မှုဇုန်၊ ပြည်စက်မှုဇုန်၊ ပခုက္ကူစက်မှုဇုန်နဲ့ ကလေးစက်မှုဇုန်တို့ ဖြစ်ပါတယ်။

LED မီးသီးအမျိုးမျိုး၊ တပ်ဆင်ထုတ်လုပ်နေတဲ့ Controller နဲ့ Inverter တွေကို ပြသခဲ့ပါတယ်။ အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်းမှ အသစ်ထုတ်လုပ်လိုက်တဲ့ မော်တော်ယာဉ်အမျိုးမျိုးတွေဟာ ပြည်သူတွေ အသုံးပြုနိုင်ဖို့ရည်ရွယ်ပြီး ထုတ်လုပ်ထားခြင်းဖြစ်ပါတယ်။ အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်ဖို့အတွက် စီမံဆောင်ရွက်ထားကြောင်းသိရပါတယ်။ အဲဒီ မော်တော်ယာဉ်တွေကို နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာနရုံး အရောင်းဌာနနဲ့ အမှတ်(၁) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(ရန်ကုန်)တို့မှာ ရောင်းချပေးဖို့ စီမံလျက်ရှိကြောင်း သိရပါတယ်။

အမှတ်(၂) စက်မှုဝန်ကြီးဌာနအနေဖြင့် နေရောင်ခြည်စွမ်းအင်သုံး Solar ပြားဖြင့် ဆက်စပ်အသုံးပြုနိုင်တဲ့ ပစ္စည်းတွေအပြင် Solar ပြား 21 Watt မှ 185 Watt Solar ပြားတွေကို မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း(တောင်ဒဂုံ)စက်ရုံမှာ လာမယ့်စက်တင်ဘာလအတွင်း စတင်ထုတ်လုပ်သွားမှာဖြစ်ပါတယ်။ LED မီးသီးတွေကိုလည်း ရန်ကုန်တိုင်း လှိုင်မြို့နယ်ရှိ LED မီးသီးထုတ်လုပ်မှုအလုပ်ရုံမှ ၂၀၀၈ခုနှစ်မှ စတင်ပြီး တစ်နှစ်လျှင် ၂၄ သန်းခန့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါတယ်။

## အခြေအနေကောင်း

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးကော်မတီဟာ စိုက်ပျိုးရေးကိုအခြေခံတဲ့ စက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ စက်မှုထုတ်ကုန်တွေ အရေအတွက်



**လက်တွေ့လေ့လာဆည်းပူး**

**ပဲခူးတိုင်း ရေတာရှည်မြို့နယ် စက်မှုသင်တန်းကျောင်း(သာဂရ)၌ ကွန်ပျူတာကိုယ်စီဖြင့် သင်တန်းသား သင်တန်းသူများ လက်တွေ့ လေ့လာဆည်းပူးနေကြသည့် မြင်ကွင်းကလည်း အားရဖွယ်....။**



**အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုလုပ်ငန်းမှ ထုတ်လုပ်သည့် မော်တော်ယာဉ်များသည်ကား ဤသို့ သပ်ရပ်လှပလျက်....။**

အမှတ်(၂) စက်မှုဝန်ကြီးဌာနလက်အောက်ရှိ စက်ရုံတွေက အသစ်ထုတ်လုပ်လိုက်တဲ့ မော်တော်ယာဉ်တွေနဲ့ လျှပ်စစ်ပစ္စည်းအမျိုးမျိုးတို့ပြပွဲကို ဇွန် ၂၃ရက် နံနက်ပိုင်းက နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးရုံးမှာ ကျင်းပခဲ့ပါတယ်။ အဲဒီပြပွဲမှာ အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်းမှ ထုတ်လုပ်တဲ့ Myanmar Double Cab, Myanmar Single Cab, Sport Utility Vehicle (SUV), Myanmar Station Wagon (MSW), Myanmar Micro Bus (15-Seater), Myanmar Mini Bus (29-Seater), Pathfinder၊ Estate Wagon Jeep စတဲ့ မော်တော်ယာဉ်တွေ၊ နေရောင်ခြည် စွမ်းအင်သုံး Solar ပြားဖြင့် ဆက်စပ်အသုံးပြုနိုင်တဲ့ ပစ္စည်းတွေဖြစ်တဲ့ ဘက်ထရီခြောက်တွေ၊ ပြုပြင်ထိန်းသိမ်းရန် မလိုအပ်တဲ့ သက်တမ်းကြာရှည်ခံ ဘက်ထရီတွေ၊ နဲ့ အရည်အချင်း တိုးတက်မြင့်မားရေး၊ စက်ပစ္စည်းကိရိယာ အမယ်သစ်တွေ တိုးတက်ထုတ်လုပ်ရေးနဲ့ နိုင်ငံတော်ကို စက်မှုနိုင်ငံတော်အဖြစ် ပြောင်းလဲရာမှာ အခြေအနေကောင်းတွေရရှိရေးဆိုတဲ့ ရည်ရွယ်ချက်တွေကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ အထောက်အကူပြုစေဖို့အတွက် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်(MIDB)ကို ၁၉၉၆ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်မှ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်ဟာ စက်မှုလုပ်ငန်းများသာမက အခြားဘက်စုံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူပြုစေတဲ့ စီးပွားရေးလုပ်ငန်းပေါင်းစုံသို့ ခိုင်မာတဲ့ ချေးငွေတွေ ထုတ်ချေးလျက်ရှိပါတယ်။

ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စက်မှုနိုင်ငံတော် ထူထောင်ရာမှာ အဓိကအခြေခံအုတ်မြစ်ဖြစ်တဲ့ သုတေသနနဲ့ *စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

24-7 (08-09).pmd 2 7/24/2010, 1:32 AM

စာမျက်နှာ ၉ မှ

ဖွံ့ဖြိုးရေးလုပ်ငန်းတွေ လိုအပ်ပါတယ်။ အမှတ်(၂) စက်မှုဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ စက်ရုံတွေက ထုတ်လုပ်တဲ့ ထုတ်ကုန်ပစ္စည်းတွေနဲ့ စပ်လျဉ်းပြီး သုတေသနပြုလုပ်နိုင်ရေးအတွက် သုတေသနနဲ့ ဖွံ့ဖြိုးရေးဗဟိုဌာနကို ဖွဲ့စည်းတာဝန်ပေး ဆောင်ရွက်လျက်ရှိပါတယ်။

## လိုအပ်

အခုဆိုရင် နိုင်ငံတော်မှာ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုတွေရရှိနေပြီဖြစ်လို့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံအဖြစ် တည်ဆောက်ရေးကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ထားရှိဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်မှာ သဘာဝအရင်းအမြစ်တွေရှိပြီးဖြစ်လို့ အဲဒီသဘာဝအရင်းအမြစ်တွေကို ထုတ်ယူသုံးစွဲနိုင်ဖို့ အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာရှင်တွေ လိုအပ်ပါတယ်။

နိုင်ငံတော်အနေဖြင့် အလယ်အလတ် အတတ်ပညာရှင်တွေသာမက အဆင့်မြင့်နည်းပညာရှင်တွေ ပေါ်ထွန်းလာရေးအတွက်ပါ နည်းပညာဆိုင်ရာကျောင်းတွေနဲ့ တက္ကသိုလ်တွေကို ပြည်နယ်နှင့်တိုင်း ဒေသအသီးသီးမှာ စီမံဆောင်ရွက်ပေးထားပြီးဖြစ်ပါတယ်။ မျိုးဆက်သစ်တွေကို အနာဂတ်မှာခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးကို ပိုင်ဆိုင်ပြီး နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်အောင် နှစ်ပေါင်း(၂၀)ကျော်ကာလအတွင်း နေ့မအား၊ ညမနား ကြိုးပမ်းတည်ဆောက်ပေးခဲ့တာ ဖြစ်ပါတယ်။

## ချမှတ်ဆောင်ရွက်

ယနေ့အချိန်မှာ 'စက်မှုစွမ်းအား၊ ခေတ်ကျော်လွှား' ဆောင်ပုဒ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စက်မှုနိုင်ငံတော်ဆီသို့ တက်လှမ်းနိုင်ရေးအတွက် ဘက်ပေါင်းစုံက ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရက စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် မွန်မြတ်စေတနာနဲ့ မှန်ကန်တဲ့ မူဝါဒကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

## ထိန်းသိမ်းစောင့်ရှောက်

ဒီလိုဆောင်ရွက်ချက်တွေကြောင့် ပေါ်ထွန်းလာတဲ့ စက်ရုံ၊ အလုပ်ရုံတွေနဲ့ စက်မှုဇုန်တွေ အပါအဝင် စက်မှုကဏ္ဍအခြေခံအုတ်မြစ်ကောင်းတွေကို နောင်လာမယ့် မျိုးဆက်သစ်တွေအနေဖြင့် အကျိုးရှိစွာ အသုံးချပြီး ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်သွားကြရမှာဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။



အမှတ်(၂)စက်မှုဝန်ကြီးဌာန အောက်ရှိ အမှတ်(၂) တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ (ဘီးလင်း)မှ ထုတ်လုပ်လျက်ရှိသည့် အရည်အသွေးကောင်း တာယာများကား ဤသို့ သေသေသပ်သပ် လှလှပပ....။

# မြန်မာနိုင်ငံရှိ စက်မှုသင်တန်းကျောင်းများ

| စဉ် | သင်တန်းကျောင်းအမည် | မှတ်ချက် |
|---|---|---|
| ၁ | စက်မှုသင်တန်းကျောင်း (ဆင်တဲ) | ၁၉၈၈ခုနှစ်မတိုင်မီက တည်ထောင်ခဲ့ခြင်းဖြစ် |
| ၂ | စက်မှုသင်တန်းကျောင်း (မန္တလေး) | ၂၀၀၈ခုနှစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ် |
| ၃ | စက်မှုသင်တန်းကျောင်း (သာဂရ) | ၂၀၀၉ခုနှစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ် |
| ၄ | စကမှုသင်တန်းကျောင်း (ပခုက္ကူ) | ၂၀၁၀ခုနှစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ် |
| ၅ | စက်မှုသင်တန်းကျောင်း (မကွေး) | တည်ဆောက်ဆဲ |



အမှတ်(၂)စက်မှုဝန်ကြီးဌာနက အသစ်ထုတ်လုပ်လိုက်သည့် နေရောင်ခြည်စွမ်းအင်သုံး (Solar) ပြားများ....။

# အမှတ်(၂)စက်မှုဝန်ကြီးဌာနလက်အောက်ရှိ အဓိကစက်ရုံနှင့် ထုတ်လုပ်ရေးဌာနများ

| စဉ် | စက်ရုံအမည် | တည်ရှိရာဒေသ |
|---|---|---|
| (၁) | **မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း** | |
| | (က) အမှတ်(၁)မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံ (ရန်ကုန်) | မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်း |
| | (ခ) အမှတ်(၂)မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံ (ထုံးဘို) | ပန်းတောင်းမြို့နယ်၊ပဲခူးတိုင်း |
| | (ဂ) အမှတ်(၃)မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံ (မကွေး) (ဆောင်ရွက်ဆဲစီမံကိန်း) | မကွေးမြို့နယ်၊မကွေးတိုင်း |
| | (ဃ) ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံ (သာဂရ) | ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်း |
| | (င) မြေထိုး၊ မြေတူးယန္တရားထုတ်လုပ်မှုစက်ရုံ (သာဂရ) | ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်း |
| (၂) | **မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း** | |
| | (က) အမှတ်(၁) တာယာနှင့်ရော်ဘာပစ္စည်း ထုတ်လုပ်မှုစက်ရုံ (သထုံ) | သထုံမြို့နယ်၊ မွန်ပြည်နယ် |
| | (ခ) အမှတ်(၂) တာယာနှင့်ရော်ဘာပစ္စည်း ထုတ်လုပ်မှုစက်ရုံ (ဘီးလင်း) | ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ် |
| | (ဂ) ရော်ဘာဌာန (မရမ်းကုန်း) | ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ် |
| (၃) | **မြန်မာ့လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း** | |
| | (က) အမှတ်(၁) လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ (ဆင်တဲ) | ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်း |
| | (ခ) အမှတ်(၂) လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုစက်ရုံ (မလွန်) | မင်းလှမြို့နယ်၊ မကွေးတိုင်း |
| (၄) | **မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း** | |
| | (က) အမှတ်(၁) စက်နှင့်စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ (ညောင်ခြေထောက်) | ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်း |
| | (ခ) လျှပ်စစ်နှင့်အီလက်ထရွန်နစ်ပစ္စည်း ထုတ်လုပ်မှုစက်ရုံ (ဒဂုံ) | တောင်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်း |
| | (ဂ) စက်နှင့်စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(မြိုင်) | မြိုင်မြို့နယ်၊ မကွေးတိုင်း |
| | (ဃ) ရေအားလျှပ်စစ်တာဘိုင်နှင့် လျှပ်စစ်ဓာတ်အားပေးစက် ထုတ်လုပ်မှုစက်ရုံ (သာဂရ) | ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်း |

# ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း ကော့မှူးမြို့နယ်၌ဖွင့်

**ရန်ကုန် ဇူလိုင် ၂၃**

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၀ရက် နံနက်ရနာရီက ကော့မှူးမြို့နယ် အားကစားခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ကော့မှူးမြို့နယ်တာဝန်ခံ ဦးမျိုးသန့်မှ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသင်းရွှေက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ (ယာပုံ)

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် မဲရုံမှူး၊ ဒုမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းလမ်းညွှန်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ၏ လုပ်ငန်းလမ်းညွှန်များကို ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် မဲရုံများတွင် ဆန္ဒမဲပေးခြင်း သရုပ်ပြပွဲကို ကျင်းပပြီး မဲဆန္ဒရှင်များ မဲပေးပုံနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ဆောင်ရမည့် တာဝန်များကို ရှင်းလင်းပြသသည်။ အဆိုပါသင်တန်းသို့ ကော့မှူးမြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲဝင် ၄၂၅ဦး သင်တန်းသားအဖြစ် တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(မြို့နယ် ပြန်/ဆက်)





# အထက(၅) မရမ်းကုန်း အာစရိယပူဇော်ပွဲ

**ရန်ကုန် ဇူလိုင် ၂၃**

အထက (၅)မရမ်းကုန်း ကျောင်းသားဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၅ရက်တွင် ကျင်းပမည်ဖြစ်ပြီး ၂၀၀၃ခုနှစ်အထိ အနည်းဆုံး သုံးနှစ်ပညာသင်ကြားပေးခဲ့သော အသက် (၅၀)နှင့်အထက် ဆရာ ဆရာမများအား ၂၀၀၈ခုနှစ်အထိ ပညာသင်ယူခဲ့သော ကျောင်းသား ကျောင်းသူများက ပူဇော်ကန်တော့ကြမည်ဖြစ်ရာ ပူဇော်ကန်တော့ခံ ဆရာ ဆရာမများအနေဖြင့် တာဝန်ထမ်းဆောင်ခဲ့သော ခုနှစ်၊ ရာထူး၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်များကို ကျင်းပရေးကော်မတီသို့ အောက်တိုဘာ ၃၁ရက် နောက်ဆုံးထား၍ ဆက်သွယ်ကြရန်နှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ဒေါ်ထက်ထက်လှိုင် ဖုန်း-၇၃-၀၀၁၁၈၀၊ ဒေါ်မြနန္ဒာထွန်း ဖုန်း-၀၉-၅၃-၉၄၆၃၁၊ ဖုန်း-၅၈၁၁၁၇၊ ဒေါ်မေပိတောက်ဝါစိုး-ဖုန်း-၆၆၁၉၆၄၊ ဖုန်း-၀၉-၅၀-၂၄၈၃၀၊ ဘုန်းမြင့်သော်(တရုတ်ကြီး) ဖုန်း-၀၉-၅၀-၇၄၀၃၉၊ ဦးနန္ဒအောင်-ဖုန်း-၇၃၀-၀၁၂၂၃၊ ဒေါ်မြတ်ကေခိုင် ဖုန်း-၆၆၀၆၄၄၊ ဖုန်း-၀၉-၅၄-၁၄၄၉၅၊ ဒေါ်ဆုရည်အောင် ဖုန်း-၅၀၀၅၄၇၊ ဖုန်း-၅၀၀၅၄၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

# ဝန်ကြီး ဦးစိုးသိန်းအား ဧည့်သည်အဖွဲ့လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၃

အမှတ် (၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းအား SINO Truck Limited မှ Mr. Yang Zheng Xu ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၀ရက် နံနက် ၉နာရီက နေပြည်တော်ရှိ အမှတ် (၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်း၌ လာရောက်တွေ့ဆုံပြီး စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်နည်းပညာရရှိရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရေး၊ အရေးကြီးသည့် မော်တော်ယာဉ်သုံး စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဇူလိုင် ၂၃ရက်က အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသော အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်နှင့် ဇနီးတို့အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး **H.E Mr. Youssef Kamal Botros Hanna** ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ

## ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဇူလိုင် ၂၃

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၀ ခုနှစ် အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစား ပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသည်။

### ပတ်လည်ပြိုင်ပွဲ

ပြိုင်ပွဲ၏ အမျိုးသား အသက်(၁၈)နှစ်နှင့်အောက် ပတ်လည်ပြိုင်ပွဲတွင် Uno အသင်းက Joker အသင်းကို ၇၇မှတ်-၄၀မှတ်ဖြင့်လည်းကောင်း၊ K.K.S အသင်းက Venom အသင်းကို ၇၉မှတ်- ၆၂မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိ သွားကြသည်။

အမျိုးသမီးအလွတ်တန်း ပတ်လည်ပြိုင်ပွဲတွင် ပြည်ထဲရေးအသင်းက Precious အသင်းကို ၆၆မှတ်- ၆၂မှတ်ဖြင့်လည်းကောင်း၊ အမှတ်(၁)စက်မှု (A) အသင်းက အမှတ်(၁) စက်မှု(B) အသင်းကို ၇၄မှတ်-၄၂မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိသွားကြသည်။

အမျိုးသားအလွတ်တန်းပြိုင်ပွဲ၏ ပထမအကြို ဗိုလ်လုပွဲတွင် Lion အသင်းက Fire Wolf (A) အသင်းကို ၇၉မှတ်-၇၀ဖြင့်လည်းကောင်း၊ ဒုတိယ အကြို ဗိုလ်လုပွဲတွင် D.G.H အသင်းက Fire Wolf (B) အသင်းကို ၉၁မှတ်-၆၆မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်သွားကြသည်။

### ယှဉ်ပြိုင်ကစား

ပြိုင်ပွဲ၏ ဗိုလ်လုပွဲ ပွဲစဉ်များနှင့် တတိယနေရာလုပွဲစဉ်ကို ဇူလိုင် ၂၄ရက် နံနက် ၉ နာရီတွင် ယင်းအားကစား ပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်ရာ အမျိုးသားအလွတ်တန်းပြိုင်ပွဲ၏ တတိယနေရာလုပွဲ ပွဲစဉ်၌ Fire Wolf (A)အသင်းနှင့် Fire Wolf (B) အသင်း၊ အမျိုးသားအသက်(၁၈)နှစ်နှင့်အောက် ဗိုလ်လုပွဲ ပွဲစဉ်၌ Uno အသင်းနှင့် K.K.S အသင်း၊ အမျိုးသမီး အလွတ်တန်း ဗိုလ်လုပွဲ ပွဲစဉ်၌ အမှတ် (၁) စက်မှု (A) အသင်းနှင့် လယ်ယာ/ဆည်မြောင်းအသင်း၊ အမျိုးသားအလွတ်တန်း ဗိုလ်လုပွဲ ပွဲစဉ်၌ Lion အသင်းနှင့် D.G.H အသင်းတို့ အသီးသီးယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ **(သတင်းစဉ်)**

**မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၀ခုနှစ် အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသားအလွတ်တန်း ပထမအကြို ဗိုလ်လုပွဲတွင် Lion အသင်းနှင့် Fire Wolf (A) အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။** (ဘတ်စကက်ဘောအဖွဲ့ချုပ်)



# ကယားပြည်နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ

## ဒီမော့ဆိုမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၃

ကယားပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကားဒီယိုသည် အတွင်းရေးမှူး ဦးခင်မောင်ရီနှင့်အဖွဲ့ခွဲ အဖွဲ့ဝင်များ လိုက်ပါလျက် ယနေ့တွင် ဒီမော့ဆိုမြို့နယ် နောင်ပုလဲကျေးရွာအုပ်စု၊ ဒီမော့ဆိုကျေးရွာအုပ်စုနှင့် မြို့မရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးများသို့ရောက်ရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ပြုစုထားရှိမှုနှင့် ရုံးဖွင့်လှစ်ဆောင်ရွက်မှု အခြေအနေတို့ကို လိုက်လံကြည့်ရှု၍ မြို့မရပ်ကွက် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အတူ မြို့မရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

### လိုက်နာဆောင်ရွက်

ထို့နောက် မွန်းလွဲ ၁နာရီတွင် ဒီမော့ဆိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များနှင့် တွေ့ဆုံ၍ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီက အောက်ခြေထိ ကွင်းဆင်းကြီးကြပ်ရန် ကိစ္စရပ်များ၊ နိုင်ငံရေးပါတီများညွှန်ကြားချက် အမှတ် (၂/၂၀၁၀) နှင့်အညီ လိုက်နာဆောင်ရွက်ရေးကိစ္စရပ်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု မဲရုံမှူးများနှင့် ဒုမဲရုံမှူးများ၏ လုပ်ငန်းတာဝန်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# Lenovo အထူးဈေးရောင်းပွဲတော်ကျင်းပမည်

နေပြည်တော် ဇူလိုင် ၂၃

မြန်မာတစ်နိုင်ငံလုံးတွင် Lenovo Notebook အထူးဈေးရောင်းပွဲကြီးကို ဇူလိုင် ၂၃ရက်မှ ဇူလိုင် ၃၁ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

Lenovo Product များကို မြန်မာနိုင်ငံအတွင်း ၂၀၀၉ ခုနှစ် ဩဂုတ်လမှ စတင်၍ တင်သွင်းရောင်းချလာခဲ့ရာ ဈေးနှုန်း မှန်ကန်မှု၊Function စုံလင်ပြီး အရည်အသွေးကောင်းမွန်မှု၊ Service ပိုင်းဆိုင်ရာ ဝန်ဆောင်မှု တိကျကောင်းမွန်မှုတို့ကြောင့် အချိန်တိုအတွင်း လူကြိုက်များသော Brand တစ်ခုဖြစ်လာခဲ့ခြင်းဖြစ်ကြောင်း၊ Lenovo Notebook အသုံးပြုသူများ လွတ်လပ်ပေါ့ပါးစွာနှင့် ပျော်ရွှင်စွာအသုံးပြုနိုင်သော နည်းပညာနှင့် Function များပါဝင်ပြီး မျက်နှာဖြင့် Login ဝင်နိုင်သောစနစ် (Veriface - Face Recognization Technology) သင်၏ရုပ်ပုံနှင့် လှုပ်ရှားမှုများကို အသွင်အပြင်အမျိုးမျိုးနှင့် နောက်ခံ Background များကို ပြောင်းလဲ၍ ဓာတ်ပုံရိုက်ယူနိုင်သော You Cam 3.0 စသည်တို့ ပါဝင်သည့်အပြင် လုံခြုံမှုဆိုင်ရာ နည်းပညာပိုင်းတွင်လည်း USB Port များမှတစ်ဆင့် အရေးကြီးအချက်အလက်များကို ကူးယူခြင်းမှ ကာကွယ်နိုင်သော USB Port Locker၊ Finger Print Reader တွင် လက်ဗွေရာနှိပ်လိုက်မှသာ အရေးကြီးအချက်အလက်များကို ဖော်ပြပေးသော Yo-Safe နည်းပညာတို့လည်းစုံစုံလင်လင်ပါဝင်ကြောင်း၊Intel ၏ နောက်ဆုံးထွက်ရှိလာသော Core i Series Notebook အများအပြားကိုလည်း ခင်းကျင်းပြသသွားမည်ဖြစ်ပြီး နောက်ဆုံးပေါ် Updated နည်းပညာများပါဝင်သော ideapad Z460 Notebook ကိုလည်း ပြသပေးသွားမည်ဖြစ်ကြောင်း၊ Notebook ဝယ်ယူသူများအနေဖြင့် Service ဝန်ဆောင်မှုအပိုင်းနှင့် အပိုပစ္စည်း ထောက်ပံ့ပေးနိုင်မှုတို့ကို ထည့်သွင်း ရွေးချယ်ဝယ်ယူလာကြရာ Warranty ကာလအတွင်း စက်ချို့ယွင်းမှု တစ်ခုခု ကြုံတွေ့ခဲ့လျှင် လွယ်ကူအဆင်ပြေစွာ ပြင်ဆင်နိုင်ရန်နှင့် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရမှု မရှိစေရန်၊ Warranty ကာလကျော်သွားလျှင်လည်း အပိုပစ္စည်းများ ပြည့်စုံစွာ ထောက်ပံ့ပေးနိုင်ရန် Lenovo Authorised Service Centre ကိုလည်း အမှတ် ၁၇၀-၁၈၄၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)တွင် ဖွင့်လှစ် ပေးထားကြောင်း သိရှိရသည်။

### ဝယ်ယူနိုင်

Lenovo အထူးဈေးရောင်းပွဲတော်တွင် ပါဝင်ရောင်းချပေးမည့်ဆိုင်ကြီးများမှာ ရန်ကုန်မြို့တွင် KMD, Technoland, ICE, INNWA, King Empire, UNIQUE, MRS, TPP, Citicom, Royal Tech, Neo Tech, Asia Tech, King Service Wisdom, Rebirth, Fidonet, Access Spectrum, The Radiance, Chan Myae, Perfect, idealink, iCom, iRevo, Apex, Top Power၊ မန္တလေးမြို့တွင် KMD, Technoland, INNWA, MRS, DCD, MAT, My Com, iNet, NTG တို့နှင့် နေပြည်တော်တွင် KMD တို့၌ ကြည့်ရှုဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နွားထိုးကြီးမြို့နယ် ဘူးသီးကျင်းကျေးရွာ ကျောင်းဆောင်သစ် လှူဒါန်းပွဲ

## ကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

မန္တလေးတိုင်း မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ဘူးသီးကျင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် အာရ်စီကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းပွဲကို ဇူလိုင် ၁၈ရက်က အဆိုပါကျောင်းဆောင်သစ်ခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူးက ကျေးဇူးတင်စကားပြောကြားပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။ **(ယာပုံ)**

### လှူဒါန်း

ယခုလှူဒါန်းသည့် ကျောင်းဆောင်သစ်မှာ အလျားပေ ၉၀၊ အနံ ပေ ၃၀ရှိ တစ်ထပ်ကျောင်းဆောင်ဖြစ်ကာ အလှူရှင် ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ်ရှိ သစ်ဆန်းအကယ်ဒမီ ဖန်ချက်စက်ရုံနှင့် Myanmar Chancellor Construction ကုမ္ပဏီလီမိတက်မှ ဦးအောင်ကြည်- ဒေါ်တင်လှိုင်နှင့်သား ဦးသိန်းထွန်းအောင် (မန်နေဂျင်းဒါရိုက်တာ) မိသားစုက ငွေကျပ်သိန်း ၁၅၀အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ အလှူရှင်များသည် ၂၀၀၃ခုနှစ်တွင် နွားထိုးကြီးမြို့နယ် မြို့မအလယ်တန်းကျောင်း၌ ကျောင်းဆောင်သစ်တစ်ဆောင်၊ ၂၀၀၉ခုနှစ်တွင် ကဒေါင်းကျေးရွာ တွဲဖက်အလယ် တန်းကျောင်း၌ ကျောင်းဆောင်သစ်တစ်ဆောင်နှင့် ၂၀၀၃ခုနှစ် မှ ၂၀၀၈ ခုနှစ်အထိ နွားထိုးကြီးမြို့နယ်ရှိ စာသင်ကျောင်းများအတွက် ဗလာစာအုပ်ဒါဇင် လေးထောင်ကျော် လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



**❐ ကျောဖုံးမှ**

*ပျံ့သန်းနိုင်*

***ငှင်းလေယာဉ်၏ ဦးခေါင်းပိုင်းသည် ချွန်နေသော ဒီဇိုင်းပုံစံပြုလုပ်ထားပြီး လောင်စာဆီမှ ထွက်ရှိသော ဓာတ်ငွေ့များကိုလည်း သန့်စင်သော လေများအဖြစ် ပြောင်းလဲကာ ကမ္ဘာမြေမှ အလွန်မြင့်သည့် အကွာအဝေး၌လည်းပျံ့သန်းနိုင်အောင်ပြုလုပ်ထားသည်။***

***ထို့အပြင် လေယာဉ်အတွင်း သန့်စင်သောလေကို ရရှိစေရန်လည်း ဆောင်ရွက်ထားရာ စီးပွားဖြစ် ပျံ့သန်းနေသောလေကြောင်းလိုင်းများအတွင်း အသုံးများလာမည့် လေယာဉ်ဖြစ်လာမည်ဖြစ်သည်။ ။*** *အင်တာနက်*

# တစ်ပြည်လုံးတွင် မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၂၃

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄နာရီအတွင်းက မကွေးတိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းတွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

**ဇူလိုင် ၂၄ရက် ညနေအထိခန့်မှန်းချက်မှာ** မကွေးတိုင်းတွင်နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** မြန်မာ့ကမ်းရိုးတမ်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** တစ်ပြည်လုံးတွင် မိုးပိုမိုလာနိုင်သည်။

**နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် ယနေ့** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့** မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ဇူလိုင် တတိယရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ** လာမည့် သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာပြီး၊ ရန်ကုန်တိုင်းတွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

**(၂၅၉)ကြိမ်မြောက် အောင်ဘာလေ သိန်းဆု ဖွင့်ပွဲ၌ ဆုမဲပေါင်း ၁၄၀၆၉ဆု ဖွင့်လှစ်မည်**

ရန်ကုန် ဇူလိုင် ၂၃

(၂၅၉)ကြိမ်မြောက် ငွေကျပ် (၂၀၀)တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲကို ဩဂုတ်၁ရက်တွင် ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်ရှိ အောင်ဘာလေ သိန်းဆုဌာနခွဲ ထီဖွင့်ပွဲ ခန်းမဆောင်၌ နံနက် ၈နာရီမှ စတင်၍ ညနေ ၄နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

တန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း၁၀၀၀ (၁)ဆု၊ ငွေကျပ်သိန်း ၅၀၀ (၁)ဆု၊ ငွေကျပ်သိန်း ၃၀၀ (၂)ဆု၊ ငွေကျပ်သိန်း ၂၀၀ (၅)ဆု၊ ငွေကျပ်သိန်း ၁၀၀ (၁၃)ဆု၊ ငွေကျပ် ၁၀ သိန်း (၂၈၆)ဆု၊ ငွေကျပ် ၅သိန်း (၁၃)ဆု၊ငွေကျပ် ၃သိန်း (၁၄၄)ဆု၊ ငွေကျပ် ၂သိန်း (၁၂၆၀)ဆုနှင့် ငွေကျပ် ၁သိန်း (၁၂၃၅၄)ဆု အပါအဝင် ဆုမဲပေါင်း (၁၄၀၆၉)ဆုဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အေဂျက်စ်နည်းပြ မာတင်ဂျိုးလ် လက်ရှိအသင်းကို ဆက်လက် တာဝန်ယူမည်

ထင်ကျော်ထက် - စုစည်းသည်



လန်ဒန် ဇူလိုင် ၂၃

အေဂျက်စ်အသင်းနည်းပြ မာတင်ဂျိုးလ်သည် ပရီမီယာလိဂ်အသင်း ဖူလ်ဟမ်၏ နည်းပြအဖြစ် ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့ပြီး ၎င်းအနေဖြင့် လက်ရှိအသင်းကိုသာ ဆက်လက် တာဝန်ယူမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဖူလ်ဟမ်အသင်းသည် အသက် ၅၄နှစ်ရှိ မာတင်ဂျိုးလ်ထံမှ ဖူလ်ဟမ်နည်းပြအဖြစ်တာဝန်ယူရန် သဘောတူညီမှုရခဲ့သော်လည်း နောက်ဆုံးတွင် အေဂျက်စ်အသင်းနှင့် စာချုပ်သက်တမ်းမကုန်သေးသော မာတင်ဂျိုးလ်က နည်းပြအဖြစ် တာဝန်ယူရန် ငြင်းပယ်ခဲ့ခြင်းဖြစ်သည်။ ဖူလ်ဟမ်အသင်းသည် လာမည့်ဩဂုတ် ၁၄ရက် ပရီမီယာလိဂ် ရာသီအစအတွက် နည်းပြသစ်ခေါ်ယူရန် ကြိုးပမ်းပြင်ဆင်နေသော်လည်း နည်းပြ မရရှိသေးချေ။ ကာဒစ်ဖ်စီးတီးနည်းပြ ဒေ့ဗ်ဂျုံးစ်သည် ဖူလ်ဟမ် နည်းပြသစ် ဖြစ်လာရန် ရေပန်းစားလျက်ရှိသည်။ (အင်တာနက်)

## အာဂျင်တီးနားကို မာရာဒိုနာ ဆက်လက်နည်းပြသင့် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဂရွန်ဒိုနာ ဖွင့်ဟပြောကြား



လန်ဒန် ဇူလိုင် ၂၃

ဒီဂိုမာရာဒိုနာအနေဖြင့် အာဂျင်တီးနားလက်ရွေးစင်အသင်း၏ နည်းပြအဖြစ် ဆက်လက်တာဝန်ယူသင့်ကြောင်း အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဂျူလီယို ဂရွန်ဒိုနာက ဖွင့်ဟပြောကြားခဲ့သည်။

မာရာဒိုနာသည် လာမည့် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတိုင်အောင် စာချုပ်သစ် ထပ်မံချုပ်ဆိုရန် ကမ်းလှမ်းခံရဖွယ်ရှိသော်လည်း ၎င်း၏ အနာဂတ်မှာ မသေချာမရေရာဖြစ်နေသည်။

### ပို့ဆောင်နိုင်

မာရာဒိုနာသည် လက်ရွေးစင် အသင်းနည်းပြအဖြစ်မှ နုတ်ထွက်ရန် အရိပ်အမြွက်ပြောကြားခဲ့သည်။ သို့သော်လည်း ဂရွန်ဒိုနာက မာရာဒိုနာသည် ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အာဂျင်တီးနားအသင်းကို အခြား ကမ္ဘာ့ဖလားပြိုင်ပွဲဝင်အသင်းများထက် ကောင်းမွန်အောင် စွမ်းဆောင်နိုင်ခဲ့ပြီး ကမ္ဘာ့အဆင့် (၅)နေရာသို့ ပို့ဆောင်နိုင်ခဲ့သည့်အတွက် ၎င်းအား တန်ဖိုးထားသင့်ကြောင်း ဖွင့်ဟပြောကြားခဲ့သည်။ **(အင်တာနက်)**

## အက်စ်တွန်ဗီလာနည်းပြ မာတင်အိုနေးလ် ဂျိမ်းစ်မီလ်နာအား ရောင်းရန်ပြင်ဆင်



လန်ဒန် ဇူလိုင် ၂၃

အက်စ်တွန်ဗီလာအသင်းမှ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အင်္ဂလန်လက်ရွေးစင်အသင်း ကွင်းလယ်ကစားသမား ဂျိမ်းစ်မီလ်နာက မိမိသည် အသင်းမှထွက်ခွာလိုကြောင်း ၎င်း၏ ဆန္ဒကိုပြောကြားခဲ့ပြီးနောက် နည်းပြမာတင်အိုနေးလ်က ၎င်းအား ရောင်းချရန် ပြင်ဆင်နေပြီဖြစ်ကြောင်း ဖွင့်ဟခဲ့သည်။

၂၀၀၈ခုနှစ်က နယူးကာဆယ်မှ အက်စ်တွန်ဗီလာသို့ ပေါင် ၁၂သန်းဖြင့် ပြောင်းရွှေ့လာသူ အသက် ၂၄နှစ်အရွယ်ရှိ ဂျိမ်းစ်မီလ်နာသည် ပြီးခဲ့သည့်မေလက မန်စီးတီး အသင်း၏ ပေါင်သန်း၂၀ဖြင့် ကမ်းလှမ်းခေါ်ယူမှုကို ငြင်းပယ်ခဲ့သူဖြစ်သည်။

### ပြောင်းရွှေ့

ဂျိမ်းစ်မီလ်နာအနေဖြင့် မန်စီးတီးအသင်းသို့ထွက်ခွာဖြစ်ခဲ့ပါက ဘောလုံးရာသီနှစ်ရာသီ အတွင်း အက်စ်တွန်ဗီလာမှ ပြိုင်ဘက်အသင်းသို့ပြောင်းရွှေ့သည့် ဒုတိယမြောက် ကစားသမားဖြစ်လာမည်ဖြစ်သည်။ လွန်ခဲ့သောဘောလုံးရာသီက အက်စ်တွန်ဗီလာမှ ဂရက်ဘာရီသည် ပေါင် ၁၂သန်းဖြင့် မန်စီးတီးသို့ ပြောင်းရွှေ့ခဲ့သည်။ (အင်တာနက်)

## မန်စီးတီးအသင်းနည်းပြ မန်စီနီ တိုက်စစ်မှူးနှစ်ဦး ထပ်မံခေါ်ယူမည်



လန်ဒန် ဇူလိုင် ၂၃

မန်စီးတီးအသင်းအနေဖြင့် ၂၀၁၀-၂၀၁၁ ဘောလုံးရာသီအတွက် ကစားသမားစာချုပ်ခေါ်ယူမှုကို အဆုံးမသတ်သေးကြောင်း၊ တိုက်စစ်မှူးများဖြစ်ကြသည့် လန်ဒန်ဒိုနိုဗန်နှင့်မာရီယိုဘာလော့တီလီတို့အား ထပ်မံစာချုပ်ခေါ်ယူရန် ပြင်ဆင်နေကြောင်း မန်စီးတီးနည်းပြ ရောဘတ်တိုမန်စီနီက ဖွင့်ဟပြောကြားခဲ့သည်။ **(အင်တာနက်)**

## ပရီမီယာလိဂ်အသင်းကြီးများ စိတ်ဝင်စားနေသည့် ဘာလော့တီလီ

စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

လန်ဒန် ဇူလိုင် ၂၃

**၂၀၁၀-၂၀၁၁ ပရီမီယာလိဂ်ဘောလုံးရာသီတွင် ထိပ်တန်းအသင်းကြီးများ အောင်မြင်မှုရရှိရေးအတွက် ကြိုးစားပြင်ဆင်နေပြီဖြစ်သည်။ ထိပ်တန်းအသင်းကြီးများဖြစ်သည့် မန်ယူ၊ ချယ်လ်ဆီး၊ အာဆင်နယ်၊ လီဗာပူးနှင့် မန်စီးတီးတို့က အပြိုင်အဆိုင် ဘောလုံးသမားအသစ်များ ဝယ်ယူဖြည့်ဆည်းနေကြသည်။**

ပရီမီယာလိဂ် အသင်းကြီးများ အကြိုက်ချင်းတူပြီး အပြိုင်အဆိုင် ဝယ်ယူရန် ကြိုးစားနေသည့် ဘောလုံးသမားမှာ အင်တာမီလန်မှ လူငယ်တိုက်စစ်မှူး မာရီရိုဘာလော့တီလီ ဖြစ်သည်။ ဘာလော့တီလီကို မန်ယူ၊ ချယ်လ်ဆီး၊ အာဆင်နယ်နှင့် မန်စီးတီးတို့က ဝယ်ယူစာချုပ်နိုင်ရေး ဈေးပေးလျက်ရှိနေသည်။

### ဘာလော့တီလီ

အင်တာမီလန် နည်းပြဟောင်း မော်ရင်ဟိုက ပြုစုပျိုးထောင်ထားသော လူငယ်တိုက်စစ်မှူးဖြစ်ပြီး အသက် ၁၉နှစ်သာရှိသေးသည်။ အင်တာမီလန်အတွက် အားထားရသည့် တိုက်စစ်မှူးတစ်ဦးအဖြစ် ရောက်ရှိလာရေး မော်ရင်ဟို သွန်သင်ပြသခဲ့သော်လည်း နေရာမရခဲ့ချေ။ ဘာလော့တီလီသည် တိုးအားကောင်းပြီး ပါဝါအပြည့်ဖြင့် တစ်ဖက်အသင်းခံစစ်ကြောင်းကို ဖြတ်ကျော်နိုင်သူဖြစ်ပြီး အဆုံးသတ်ဂိုးသွင်းမှုလည်း သေချာသည်။

### ပုံစံတူ

ဘာလော့တီလီ၏ ကစားဟန်မှာ အိုင်ဗရီကို့စ်နှင့် ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာနှင့် ပုံစံတူသည်။ တစ်ဖက်အသင်း ဂိုးဧရိယာအတွင်း မွှေနှောက်ထိုးဖောက်ကစားနိုင်သလို ကစားဖော်များကိုလည်း ဂိုးသွင်းယူနိုင်ရန် ပံ့ပိုးပေးနိုင်သည်။ ကွင်းလယ်ကစားအားကိုလည်း လိုက်ပါဖြည့်ဆည်းပေးနိုင်သူဖြစ်သည်။ အင်တာမီလန် နည်းပြဟောင်း မော်ရင်ဟိုက ဘာလော့တီလီသည် စွမ်းအားပြည့် တိုက်စစ်ဆင်နိုင်သူဖြစ်ပြီး တစ်ဖက်အသင်းခံစစ်ကိုလည်း ရဲရဲဝံ့ဝံ့ ထိုးဖောက်နိုင်သူဖြစ်ကြောင်း၊ အဆုံးသတ်မှုအပိုင်းနှင့် ပါးနပ်မှုအပိုင်းတို့တွင် အနည်းငယ် ပြင်ဆင်လိုက်ပါက ထွန်းတောက်လာမည့် တိုက်စစ်မှူးဖြစ်လာနိုင်ကြောင်း အင်တာမီလန်အသင်း၌ရှိစဉ် သုံးသပ်



ဘာလော့တီလီ

**ပရီမီယာလိဂ် ထိပ်တန်းအသင်းကြီးများ စိတ်ဝင်စားပြီး ခေါ်ယူစာချုပ်ရန် အပြိုင် ကမ်းလှမ်းနေကြသည့် အင်တာမီလန် လူငယ်တိုက်စစ်မှူး ဘာလော့တီလီ။**

(အင်တာနက် ဓာတ်ပုံ)

ပြောကြားခဲ့သည်။ လူငယ်တိုက်စစ်မှူး လိုအပ်နေသော မန်ယူအတွက် နည်းပြ ဖာဂူဆန်က ဘာလော့တီလီ ပြောင်းရွှေ့ကြေးကို ပေါင် ၁၅သန်းပေးမည်ဟု ဆိုထားသည်။ အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ဘာလော့တီလီ ပြောင်းရွှေ့ကြေးကို တရားဝင်ထုတ်ဖော် မပြောကြားသော်လည်း ဆက်သွယ်ကမ်းလှမ်းမှုများ ပြုလုပ်နေသည်။ ချယ်လ်ဆီးက ဘာလော့တီလီကို အရန်လူငယ် တိုက်စစ်မှူးနေရာအတွက် အသင့်တော်ဆုံး ကစားသမားဟု သတ်မှတ်ထားသည်။ ဒရော့ဘာနှင့် အနယ်လ်ကာတို့နေရာတွင် အစားထိုး ကစားနိုင်သည့် အရည်အချင်းရှိသော လူငယ်တိုက်စစ်မှူးအဖြစ် သုံးသပ်ထားသည်။

မန်စီးတီးနည်းပြမန်စီနီက ဘာလော့တီလီ၏အရည်အချင်းကို သိထားသူဖြစ်ရာ အင်တာမီလန်အသင်းသို့ ကိုယ်စားလှယ်များ စေလွှတ်ကာ ဆွေးနွေးမှုများ ပြုလုပ်နေပြီ ဖြစ်သည်။ မန်စီးတီးက ပြောင်းရွှေ့ကြေးပေါင် သန်း ၂၀ ပေးမည်ဟု ဆိုထားသဖြင့် အင်တာမီလန်ကလည်း ဈေးထပ်တိုးပေးရန် တောင်းဆိုနေသည်။ သို့သော် ပြောင်းရွှေ့ကြေးပေါင် သန်း ၂၀နှင့် ဈေးတည့်မည့် အခြေအနေရှိနေသည်။

### နည်းပြသစ်

အင်တာမီလန် နည်းပြသစ် ဘင်နီတက်ဇ်က ဘာလော့တီလီအား ရောင်းချပါက ဟန့်တားမည်မဟုတ်ကြောင်း၊ အင်တာမီလန်တွင် ကမ္ဘာ့အဆင့်မီ ဘောလုံးသမား များစွာရှိနေကြောင်း ပြောကြားနေသည်။ ဘင်နီတက်ဇ်က အင်တာမီလန်ကို စီးရီးအေဖလားနှင့် ချန်ပီယံလိဂ်ဖလားများအား ကာကွယ်ပေးနိုင်အောင် စွမ်းဆောင်ပေးသွားမည်ဟု ကတိပြုထားသည်။ ထို့ကြောင့် အဓိကပွဲထွက်ကစားသမားနေရာတွင် ဘာလော့တီလီကို ဦးစားပေးရန် အလေးထားမည် မဟုတ်ချေ။ ဘာလော့တီလီကိုယ်တိုင်ကလည်း အင်တာမီလန်မှ ထွက်ခွာပြီး ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားရန် စိတ်အားထက်သန်နေသည်။

ထို့ကြောင့် လူငယ်တိုက်စစ်မှူး ဘာလော့တီလီအား ပရီမီယာလိဂ်၌ မည်သည့် အသင်းကခေါ်ယူနိုင်မည်ကို စောင့်ကြည့်ရမည် ဖြစ်ပါကြောင်း။ ။

**ကိုးကား-အင်တာနက်**

## ကမ္ဘာ့အားကစားသတင်းအတိုအထွာ

ချစ်စိုးနိုင် - စုစည်းသည်

### ချယ်လ်ဆီး၏ ကမ်းလှမ်းမှု ဆန်းတို့စ်ငြင်းပယ်

*ချယ်လ်ဆီးအသင်းသည် ဆန်းတို့စ်အသင်းမှ အသက် ၁၈နှစ်အရွယ်ရှိ ဘရာဇီး ဆယ်ကျော်သက် တိုက်စစ်မှူး နေမာအား ပေါင် ၁၆ဒသမ ၉သန်းဖြင့် စာချုပ်ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း ဆန်းတို့စ်က ငြင်းပယ်ခဲ့သည်။*

### ရာမီရက်စ်အားခေါ်ယူရေး မန်စီးတီး ဆွေးနွေး

*မန်စီးတီးအသင်းသည် အက်စ်တွန်ဗီလာမှ ဂျိမ်းစ်မီလ်နာကို စာချုပ်ခေါ်ယူရေးတွင် လိပ်ခဲတည်းလည်းဖြစ်ခဲ့ပြီးနောက် ဘင်ဖီကာအသင်းနှင့် ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဘရာဇီးအသင်း ကွင်းလယ်ကစားသမားဖြစ်သည့် ပေါင်သန်း ၃၀တန် ရာမီရက်စ်အား စာချုပ်ခေါ်ယူရန် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။*

### အင်န်ဂေါ့အား လီဗာပူးအသင်း ထုတ်ရောင်းလို

*လီဗာပူးအသင်းသည် ကစားသမားများထပ်မံခေါ်ယူရေးအတွက် ရန်ပုံငွေဖြည့်တင်းရန် ဒေးဗစ်အင်န်ဂေါ့အား ပေါင်ခြောက်သန်းဖြင့် ထုတ်ရောင်းလိုသည်ဟု ဆိုသည်။*

### ပက်ဗလျူချင်ကို စပါးနှင့် အငှားစာချုပ်ရေးနီးစပ်

*စပါးတိုက်စစ်မှူး ရိုမန်ပက်ဗလျူချင်ကိုသည် ပေါ်တူဂီအသင်း စပို့တင်းလစ္စဘွန်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားရေး နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။*

### ကာဗယ်လ်ဟိုအား စာချုပ်ရန် မော်ရင်ဟိုစီစဉ်

*ရီးရဲမက်ဒရစ်နည်းပြ ဂျို့စ်မော်ရင်ဟိုသည် ၎င်း၏ အသင်းဟောင်းချယ်လ်ဆီးမှ ပေါ်တူဂီခံစစ်မှူး ကာဗယ်လ်ဟိုအား စာချုပ်ခေါ်ယူရန် စီစဉ်နေကြောင်း၊ ကာဗယ်လ်ဟိုသည် ၂၀၀၄ခုနှစ်က ပေါ်တူဂီအသင်းပေါ်တိုမှ ချယ်လ်ဆီးသို့ ရောက်ရှိလာသူဖြစ်ကြောင်း သိရသည်။*

### ဥရောပချန်ပီယံရှစ် ပြေးခုန်ပစ်၌ စမိုက်ယှဉ်ပြိုင်မည်

*တံကောက်ကြောဒဏ်ရာကြောင့် ပြေးခုန်ပစ်မြင်ကွင်းမှ ပျောက်ကွယ်နေသော ပြေးခုန်ပစ်သမား ဂျာဆန်စမိုက်သည် ကြံ့ခိုင်မှုပြည့်ဝနေပြီဖြစ်ပြီး လာမည့်သီတင်းပတ်တွင် ကျင်းပမည့် ဥရောပချန်ပီယံရှစ် ပြေးခုန်ပစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်မည် ဖြစ်ကြောင်း သိရသည်။*

### ဟွိုင်နှင့် ပင်လီတန် ပြေးခုန်ပစ် ကြယ်ပွင့်များဖြစ်လာဖွယ်

*ဆာခရစ်ဟွိုင်နှင့် ဗစ်တိုးရီးယားပင်လီတန်တို့သည် နေသဟာယပြေးခုန်ပစ်ပြိုင်ပွဲတွင် အောင်မြင်မှုမရရှိသော်လည်း အနာဂတ်၌ ပြေးခုန်ပစ်ကြယ်ပွင့်များ ဖြစ်လာနိုင်မည်ဟု ယုံကြည်ကြောင်း အိုလံပစ်ချန်ပီယံ ပြေးခုန်ပစ်မယ် ဒါမီကယ်လီဟိုးလ်မက်က ဖွင့်ဟပြောကြားသည်။*

### ရွန်နေ ခြေစွမ်းပြနိုင်မည်ဟု ဖာဂူဆန်ယုံကြည်

*မန်ယူအသင်းမှ အင်္ဂလန်တိုက်စစ်မှူး ဝိန်းရွန်နေအနေဖြင့် ကမ္ဘာ့ဖလားမှ အိပ်မက်ဆိုးများကို အတိတ်တွင် ချန်ထားရစ်ခဲ့ပြီး ယခုရာသီတွင် မန်ယူအသင်း၌ ခြေစွမ်းအပြည့်အဝပြနိုင်မည်ဟု ယုံကြည်ကြောင်း ဖာဂူဆန်က ပြောကြားသည်။*

### ဥရောပချန်ပီယံရှစ်ပြေးခုန်ပစ်နှင့် ရှုးသားဖို့ဒ် လွဲချော်နိုင်

*အသက် ၂၃နှစ်အရွယ်ရှိ ဗြိတိသျှအလျားခုန်၌ ကမ္ဘာ့စံချိန်တင်ထားသူ အားကစားသမား ဂရက်ရှုးသားဖို့ဒ်သည် ခြေထောက်တွင် ဒဏ်ရာရရှိထားမှုကြောင့် လာမည့်သီတင်းပတ်တွင် ကျင်းပမည့် ဥရောပချန်ပီယံရှစ်ပြေးခုန်ပစ်ပြိုင်ပွဲနှင့် လွဲချော်နိုင်ကြောင်း သိရသည်။*

### ဒေးဗစ်ဂျိမ်းစ်အားခေါ်ယူရန် ဆန်းဒါးလန်းဆက်သွယ်

*ဆန်းဒါးလန်းအသင်းသည် အင်္ဂလန်လက်ရွေးစင်ဂိုးသမား ဒေးဗစ်ဂျိမ်းစ်ကို စာချုပ်ခေါ်ယူရန် ဆက်သွယ်မှုများ ပြုလုပ်လျက်ရှိသည်။*

### ဖိလစ်ဒီဂျင် လီဗာပူးမှ ထွက်ခွာခွင့်ရ

*လီဗာပူးနည်းပြသစ် ရွိုင်ဟော့ဂ်ဆန်သည် လီဗာပူးခံစစ်မှူး ဖိလစ်ဒီဂျင်အား အသင်းမှ ထွက်ခွာခွင့်ပြုလိုက်ပြီဖြစ်သည်။ ။ (အင်တာနက်)*

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

## မြန်မာ့အလင်း ဆန်းသစ်တီထွင် ကမ္ဘာတစ်ခွင်



### သန့်စင်သောလေ ရရှိစေနိုင်သည့် လေယာဉ်သစ် တီထွင်

ကိုသစ္စာ – ရေးသားသည်

*ဆော်ပေါလို ဇူလိုင် ၂၃*

*ဘရာဇီးနိုင်ငံ ဟွန်နီဝယ်ကုမ္ပဏီက ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုတ်လွှတ်မှု မရှိစေရန် သန့်စင်ပေးနိုင်သည့် လေယာဉ်အမျိုးအစားသစ် တစ်စင်းကို ဇူလိုင် ၂၂ရက်က တီထွင်ထုတ်လုပ်လိုက်သည်။*

*တပ်ဆင်ထား*

*အဆိုပါ လေယာဉ်သည် ဂျက်လေယာဉ်အမျိုးအစားဖြစ်ပြီး လေယာဉ်အင်ဂျင်မှထွက်ရှိသော ကာဗွန်ဒိုင်အောက်ဆိုက်များကို သန့်စင်အောင် ပြုလုပ်ပေးနိုင်ကြောင်း သိရသည်။ လေယာဉ်အင်ဂျင်အတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ကို သန့်စင်ပေးသည့် ကိရိယာများနှင့် ကွန်ပရက်ဆာများကို တွဲဖက်တပ်ဆင်ထားသည်။*

*စာမျက်နှာ ၁၁ ကော်လံ ၃* ❐

## နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဇူလိုင် ၂၃**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ အမှတ်ပေးပွဲစဉ်များကို ယနေ့ ညနေ ၄နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ဘောလုံးအားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

**အနိုင်ရရှိ**

နေပြည်တော် ဘောလုံးအားကစားပြိုင်ကွင်း၌ ကျင်းပသော ပွဲစဉ်တွင် (ဃ)အုပ်စုမှ သစ်တောရေးရာဝန်ကြီးဌာနအသင်းက သတ္တုတွင်းဝန်ကြီးဌာနအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ နေပြည်တော်ပေါင်းလောင်း ဘောလုံးအားကစားပြိုင်ကွင်း၌ ကျင်းပသော ပွဲစဉ်တွင် (င)အုပ်စုမှ စွမ်းအင်ဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ နေပြည်တော်လယ်ဝေး ဘောလုံးအားကစားပြိုင်ကွင်း၌ ကျင်းပသော ပွဲစဉ်တွင် (င)အုပ်စုမှ ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင် ရရှိသွားကြသည်။

**ယှဉ်ပြိုင်ကစားမည်**

ဇူလိုင် ၂၄ရက်ပွဲစဉ်များအဖြစ် နေပြည်တော် ဘောလုံးအားကစားပြိုင်ကွင်း၌ (စ)အုပ်စုမှ အားကစားဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအသင်း၊ နေပြည်တော်ပေါင်းလောင်း အားကစားပြိုင်ကွင်း၌ (စ)အုပ်စုမှ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်း၊ နေပြည်တော်လယ်ဝေး အားကစားပြိုင်ကွင်း၌ (ဆ)အုပ်စုမှ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့အလင်း နိုင်ငံတကာသတင်းအညွှန်း



တောင်အာဖရိကနိုင်ငံ ကမ်းလွန်တွင် စက်တပ် ရွက်လှေတစ်စင်းအနီး ရေပြင်မှ ထွက်ပေါ်လာသော တန် ၄၀ ခန့်ရှိ ဝေလငါးကြီး။ (စာ-၄)



ပရီမီယာလိဂ် ထိပ်တန်းအသင်းကြီးများ စိတ်ဝင်စားပြီး ခေါ်ယူစာချုပ်ရန် အပြိုင်ကမ်းလှမ်းနေကြသည့် အင်တာမီလန် လူငယ်တိုက်စစ်မှူး ဘာလော့တီလီ။ (စာ-၁၂)

24-7 (20).pmd 1 7/24/2010, 1:32 AM